# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၁၃) ရက်၊ တနင်္ဂနွေနေ့ ၊ (30-7-2023) ၊ အတွဲ (၃၂)၊ အမှတ် (၀၉၁)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသ



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူများအား မာရဝိဇယဘုရားကြီးနှင့် ဗုဒ္ဓဥယျာဉ်ပုံစံငယ်များ၊ ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ထားမှုနှင့် Tablet များအတွင်း ထည့်သွင်းထားရှိမှုများကို ရှင်းလင်းပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြသခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ညီနောင်ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကမ္ဘာပေါ်ရှိ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် ဇူလိုင် ၃၀ ရက်
အယ်ဒီတာ့အာဘော်

# ဝါဆိုလမြတ်တွင် ကုသိုလ်ပြု၊ ကုသိုလ်ဆက်နိုင်ရေး

မြန်မာ ဆယ့်နှစ်လရာသီအနက် မင်္ဂလာရှိသော ဝါဆိုလမြတ်သည် ဘုရားရှင်၏ သန္ဓေတောထွက်၊ ဓမ္မစကြာ၊ တစ်ချက်ပြာဋိဟာ ဟူသော ဂုဏ်ထူးဂုဏ်မြတ်တို့ ပြည့်စုံနေသောကြောင့် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့)မှာ ကောင်းမှုထိုထို လမြတ်ဝါဆိုဟု စံတင်ရလောက်အောင် မြတ်လှပါပေသည်။ ယခုကျရောက်မည့် ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့) ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်နေ့တွင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း အခမ်းအနား၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်း၊ ရေစက်ချမဟာမင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ကောင်းမှုအပေါင်း ထုံလွှမ်းနေသော ဝါဆိုလမြတ်ဟုလည်း ခေါ်ဆိုထိုက်လှပါသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုကို ကမ္ဘာသို့ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် ဟူ၍ဖြစ်ပါသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်နေရာ စတင်ပန္နက်တော်တင်ခြင်း ဆောင်ရွက်ချိန်မှ ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်မည့်နေ့အထိဆိုလျှင် ရက်ပေါင်း ၁၁၄၃ ရက် (သုံးနှစ်ကျော်)ကာလအတွင်း သတ်မှတ်လုပ်ငန်းစဉ်အားလုံးကို တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များအနေဖြင့် ကိုဗစ်-၁၉ အပြင်းထန်ဆုံးကာလနှင့် အခြားအခက်အခဲများကို ဖြတ်ကျော်၍ နေ့မအားညမအား ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထူးခြားလေးနက်ပြီး ဂုဏ်ယူစရာတစ်ခုမှာ ရုပ်ပွားတော်ကြီး ထုဆစ်ရန် စတင်တူးဖော်ချိန်မှ လုပ်ငန်းအကောင်အထည်ဖော်ပြီးစီးသည့်အချိန်ထိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ တပ်မတော်သား အင်ဂျင်နီယာများက ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကမ္ဘာပေါ်၌ အလေးချိန်အများဆုံးနှင့် ဉာဏ်တော်အမြင့်ဆုံး အတုမရှိကြည်ညိုဖွယ်ရာ ကျောက်သားစစ်စစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတစ်ဆူကို မြန်မာသာမက ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဝင်များ ဖူးမြော်ကြည်ညိုနိုင်ရုံသာမက သမိုင်းဝင်တည်ဆောက်နိုင်ခဲ့သည့် အသိပညာ၊ အတတ်ပညာများကိုပါ တစ်ပါတည်းလေ့လာခွင့် အကျိုးကျေးဇူးများ ရရှိကြတော့မည်ဖြစ်ပါသည်။

ယခု မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပေါ် ပေါက်ရေးအတွက် ကနဦးကစ၍ လှူဒါန်းကြသူများသည် ကုသိုလ်ကိုအစပြုတည်ထောင်ကြသူများဖြစ်ပါသည်။ မကြာမီ ကျင်းပသွားမည့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်းနှင့်ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်း ရေစက်ချမဟာမင်္ဂလာအခမ်းအနားပြီးနောက် ဆက်လက်လှူဒါန်းမှုကုသိုလ်မှာ ကုသိုလ်ဆက်အလှူမျိုးပင်ဖြစ်ရာ ကြုံကြိုက်ခဲလှသော ဗုဒ္ဓသာသနာတော်ကြီးနှင့် တွေ့ကြုံဆဲကာလ၌ ကုသိုလ်ရေးအစုစုကို ယခုကဲ့သို့ ကုသိုလ်ပြု၊ ကုသိုလ်ဆက်ခွင့်များရရှိခြင်းသည် အတိတ်ဘဝက ကုသိုလ်ကံကြီးမားခြင်းကြောင့်သာဖြစ်ပါသည်။

ကုသိုလ်ပြုနိုင်သော လူအဖြစ်သည် အလွန်ရခဲလှသည်ကို မဟာပထဝီမြေကြီးနှင့် ဘုရားရှင်၏ လက်သည်းခွံပေါ်မှ မြေမှုန့်ကလေးများ ဥပမာအရ ဗုဒ္ဓဘာသာဝင်တိုင်း ထင်ထင်ရှားရှားသိကြပြီးဖြစ်ပါသည်။ သို့ပါ၍ ဗုဒ္ဓသာသနာ ရောင်ဝါနေသို့ လင်းစေရေးအတွက် ယခုဒုတိယဝါဆိုလပြည့်နေ့(ဓမ္မစကြာနေ့)တွင် ကျင်းပပြုလုပ်မည့် မဟာမင်္ဂလာအခမ်းအနားများတွင် တစ်တပ်တစ်အား တက်ရောက်ပူဇော်ကုသိုလ်ပြု၊ ကုသိုလ်ဆက်နိုင်ပါရန် မေတ္တာရှေးရှုနှိုးဆော်ရေးသားအပ်ပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇူလိုင် ၂၉**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၄၁၁၁၃၈ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ အရှေ့၊အနောက်၊ တောင်၊မြောက် စောင်းတန်းကြီးလေးသွယ်ကလဲ မန္တလေးတောင်တော်ကို တက်ရောက်ဖူးမြော်ကြပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ ခုံတွေပြုလုပ်ထားပြီး ရေချမ်းစင်တွေလဲ ပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေပြီး ဖူးမြော်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်သူတွေနဲ့ စည်ကားနေပါတယ်။ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ မှန်ဘီလူးတွေနဲ့ ကလေး၊ လူကြီးတွေ ကြည့်ရှုခံစားနေကြတာကိုတွေ့ရပါတယ်" ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၁၂၃ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၄၀၈၁၂၅ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ဦးရေ ၁၈၉၀ လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း ကုလားပဲ(929) အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဇူလိုင် ၂၉**

မန္တလေး ဈေးကွက်အတွင်း ကုလားပဲ(929) အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုအများဆုံးနှင့် အရောင်းအဝယ်အကောင်းဆုံး ကုလားပဲအမျိုးအစားများထဲတွင် ကုလားပဲ(929)မှာ အရောင်းအဝယ်ကောင်းသည့် အမျိုးအစားတစ်ခုဖြစ်ကြောင်း၊ ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ကုလားပဲ(929)ကို ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး ဈေးကောင်းပြန်ရနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲ အခုလတ်တလော ကုလားပဲ(929)ကို ကုန်သည်တွေအကြိုက်တွေ့နေကြပြီး အဝယ်လိုက်နေတယ်။ အရင်က အရောင်းအဝယ်အေးနေခဲ့တဲ့ ကုလားပဲ(929)တွေ အခုဈေးကွက်ထဲမှာ အရောင်းအဝယ်တော်တော်လေး ပြန်ပြီးကောင်းမွန်လာတယ်။ ဈေးကွက်ထဲ ကုန်စည်လက်ကျန် နည်းပါးလာတဲ့အတွက် နောက်ပိုင်း ကုလားပဲ(929)တွေ ဒီထက်ပိုပြီး ဈေးကောင်းရလာနိုင်ပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇူလိုင်လ ဒုတိယပတ်က ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ဇူလိုင် ၂၈ ရက်တွင် ကုလားပဲ(929) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀ ပေါက်ဈေးရှိလာကြောင်း သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဘိုး၊ အဘွား ၃၀၀၀၄ ဦးကို လူမှုရေးပင်စင်ငွေကျပ် သိန်း ၉၀၀၀ ကျော် ပံ့ပိုးပေးပြီးဖြစ်

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်ပြည့်ပြီးသည့် အဘိုး၊ အဘွား ၃၀၀၀၄ ဦးကို လူမှုရေးပင်စင်ငွေကျပ်သိန်း ၉၀၀၀ ကျော် ပံ့ပိုးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များအလိုက် အသက် ၈၅ နှစ်ပြည့်ပြီးသည့် အဘိုး၊ အဘွားများအား လူမှုရေးပင်စင်ငွေများကို ဧပြီ၊ မေ၊ ဇွန်လတို့အတွက် သုံးလစာပေါင်း၍ ပံ့ပိုးပေးခြင်းဖြစ်ကြောင်း၊ ထိုသို့ပံ့ပိုးရာတွင် အဘိုး၊ အဘွား တစ်ဦးလျှင် သုံးလစာပေါင်းငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ဇူလိုင်လပထမပတ်မှစ၍ ပံ့ပိုးပေးခဲ့ရာ ဇူလိုင် ၂၈ ရက်ထိ အဘိုး၊ အဘွား ၃၀၀၀၄ ဦးကို ပံ့ပိုးပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်ထွန်းက ပြောပြသည်။

"အခုလို ပံ့ပိုးငွေတွေပေးတဲ့အတွက် အဘိုး၊ အဘွားတွေက သူတို့လိုအပ်တဲ့ ဆေးဝါးကုသမှုစရိတ်တွေရရှိပါတယ်။ အလှူအတန်းတွေလဲ လုပ်လို့ရပါတယ်။ အဘိုး၊ အဘွားတွေကို နိုင်ငံတော်ကနေ ပံ့ပိုးပေးတဲ့ငွေဖြစ်ပါတယ်"ဟု ဦးသက်နိုင်ထွန်းက ပြောပြသည်။

ယခုဘဏ္ဍာနှစ်၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်ပြည့်ပြီးသည့် အဘိုး၊ အဘွား ၃၀၀၀၄ ဦးတွင် အဘိုး ၉၀၁၆ ဦးနှင့် အဘွား ၂၀၉၈၈ ဦးတို့အတွက် လူမှုရေးပင်စင်ငွေကျပ် သိန်း ၉၀၀၀ ကျော်ကို လက်ဝယ်အရောက် ပံ့ပိုးပေးခဲ့ကြောင်း၊ ထိုသို့ လူမှုရေးပင်စင်ငွေများ ပံ့ပိုးပေးရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ပံ့ပိုးပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် မန်ကျည်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ စစ်ဆေး

**မလှိုင် ၊ ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မန်ကျည်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးဝင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မလှိုင်မြို့နယ် မန်ကျည်းကန်ကျေးရွာ၌ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများ လိုအပ်လျက်ရှိသော မျိုးစေ့သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ သုံးစွဲနိုင်ရန် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်ရိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကျန်ရစ်သူ သား၊သမီး၊ မြေး၊ မြစ် မိသားစုက ဦးဘိုနီ-ဒေါ်လှလှနှင့် ဒေါ်ကေသီတို့အားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုတ်ဦးမြဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ပန်းတနော်မြို့နယ်တွင် ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ ထိ ဈေးကောင်းရရှိနေ



**ပန်းတနော် ၊ ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ငါးကြင်း တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ပြီးခဲ့သည့် မေလနှင့်ဇွန်လက ငါးကြင်း တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိသာ ဈေးရှိခဲ့ပြီး ဇူလိုင်လ ပထမပတ်မှ ယနေ့ထိ ငါးကြင်း တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ ထိုသို့ ဈေးကောင်းရရှိလာခြင်းသည် ဒေသ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံများထံ ငါးကြင်းများ အဝင်နည်းနေပြီး ရန်ကုန်မြို့မှ ငါးကြင်းများ အဝယ်လိုက်လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ ရန်ကုန်ဘက်က ငါးကြင်းတွေ အဝယ်လိုက်နေတာကြောင့် ငါးကြင်းဈေးကောင်းရရှိလာတာပါ။ ပြီးခဲ့တဲ့မေလနဲ့ ဇွန်လက အခုလောက်ဈေးမရှိခဲ့ပါဘူး။ အခုဇူလိုင်လ ပထမပတ်လောက်ကတည်းက စတင်ဈေးကောင်းရရှိလာတာပါ။ ဒါ့ပြင် အခြားငါးတွေလဲ ဈေးကောင်းရလာပါတယ်။ ငါးအရောင်းအဝယ်ကလဲ ပုံမှန်ထက်ရောင်းအားတက်နေပါတယ်။ ငါးဈေးကောင်းရလာတော့ မွေးမြူသူတွေလဲ အဆင်ပြေနေတာ တွေ့ရပါတယ်"ဟု ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ဒေသရေထွက်ကုန်ပစ္စည်းရောင်းဝယ်သူများသည် ရေထွက်ကုန်များကို ဝယ်ယူပြီး ဒေသဈေးအပြင် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# စဉ့်ကူးမြို့နယ် ခူလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကူး ၊ ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ခူလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့် လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေ လေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအကြောင်း ပြောကြားသည်။

ဆက်လက်၍ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နော်အေးအေးထူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခူလယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

# ဇီးကုန်းမြို့နယ် ပေါက်ပင်ဆိတ်ကျေးရွာ၌ Box Culvert တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး


**ဇီးကုန်း ၊ ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တောင်ပို့သာယာကျေးရွာအုပ်စု ပေါက်ပင်ဆိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် Box Culvert တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပေါက်ပင်ဆိတ်ကျေးရွာ၌ Box Culvert တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များကို ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဇီးကုန်းမြို့နယ် ပေါက်ပင်ဆိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၈ သန်းအသုံးပြု၍ အရှည်ပေ ၂၀၊ အကျယ် ခြောက်ပေသုံးလက်မ၊ အမြင့် ငါးပေခြောက်လက်မရှိ ကျေးရွာတွင်းလမ်းပေါ်၌ Box Culvert တည်ဆောက်ခြင်းလုပ်ငန်းကို ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန် ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ပေါက်ပင်ဆိတ်ကျေးရွာရှိ အိမ်ခြေ ၆၀ မှ လူ ၂၀၁ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် သွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**



# အကောင်းမြင်စိတ်ထားရအောင်

**မျိုးသူ(ကုန်သွယ်မြင့်)**

Optimism ကို အကောင်းမြင်ဝါဒဟုလည်းကောင်း၊ Optimist ကို အကောင်းမြင်တတ်သူ၊ အကောင်းမြင်ဝါဒီဟုလည်းကောင်း၊ Pessimism ကို အဆိုးမြင်ဝါဒဟုလည်းကောင်း၊ Pessimist ကို အဆိုးမြင်တတ်သူ၊ အဆိုးမြင်ဝါဒီဟုလည်းကောင်း ပြန်ဆိုတတ်သည်။ အကောင်းမြင်တတ်သူများသည် အနာဂတ်နှင့် တွေ့ကြုံရမည့် အခြေအနေများကို ဖြစ်နိုင်သည်ထက်ပို၍ကောင်းမည်ဟု မျှော်လင့်တတ်ကြသည်ဟု ပြောကြသည်။ လက်ရှိအခြေအနေအပေါ် အကောင်းမြင်ရာတွင်လည်း သာသာထိုးထိုးခန့်မှန်းတတ်ကြသည်ကို တွေ့ရသည်။ အကောင်းမြင်ခြင်းနှင့် အဆိုးမြင်ခြင်းကို ရေတစ်ဝက်ပါခွက်ပေါ်ရှိ အမြင်ဖြင့် ဥပမာပေးကာပြောတတ်ကြသည်။ ရေဖန်ခွက်တစ်ခုတွင် ရေတစ်ဝက်ရှိသည်ဟူသောအမြင်နှင့် ရေတစ်ဝက်မရှိဟူသောအမြင်တို့၏ ကွဲပြားချက်အပေါ် အခြေခံပြီး အကောင်းမြင်တတ်သူနှင့် အဆိုးမြင်တတ်သူဟု ခွဲခြားပြောတတ်ကြသည်။

**အကောင်းမြင်ဝါဒ၏ အကျိုးကျေးဇူးများ**

အကောင်းမြင်စိတ်ရှိခြင်းက ပိုမို၍ ပျော်ရွှင်မှုကို ပေးစွမ်းနိုင်သည်။ မျှော်လင့်ချက်ကောင်းများဖြင့် ရှင်သန်ရသဖြင့် ဘဝတွင် ပျော်ရွှင်မှုများပိုမိုရစေသည်။ ပိုမိုကောင်းမွန်သောစိတ်ခံစားချက်နှင့် လူမှုဆက်ဆံရေးတွင် ပိုမိုကောင်းမွန်သောရလဒ်ကို ရရှိစေသည်။ အကောင်းမြင်ဝါဒီများသည် စိတ်ခံစားချက်ကောင်းကို ရရှိကြပြီး စိတ်ဓာတ်နှုးညံ့ကြသည်။ ပိုမိုကောင်းမွန်သော တက်တက်ကြွကြွစိတ်ထားမျိုးရှိပြီး ကိုယ့်ကိုယ်ကိုယ် လေးစားမှုများလည်းရှိသည်။ အရာရာကို မကောင်းမြင်မှုနည်းပါးခြင်းသည် ကောင်းမွန်သောကျန်းမာရေး ရရှိသည်။

အဓိကအားဖြင့် စိတ်ဓာတ်တက်ကြွစေရန်လှုံ့ဆော်မှုကို မိမိဘာသာပေးစွမ်းနိုင်သဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်တက်ကြွကြွဆောင်ရွက်ကြသောကြောင့် အောင်မြင်မှုဖြင့်နီးစပ်သည်။ ဤအချက်များမှာ အကောင်းမြင်စိတ်ရှိသူများသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင်လည်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိခြင်း၊ ကောင်းမွန်သောမျှော်လင့်ချက်ရှိခြင်းတို့ကြောင့် အားကြိုးမာန်တက်ဆောင်ရွက်ကြသဖြင့် အကျိုးအမြတ်လည်းသေချာတတ်သည်။ အထူးသဖြင့် မကျန်းမာသောအချိန်တွင် ပြန်လည်နာလန်ထလာမည်၊ ပြန်လည်ကျန်းမာလာမည်ဟူသော မျှော်လင့်ချက်၊ ယုံကြည်ချက်ကြောင့် ပြန်လည်နာလန်ထူလာသည်ကို တွေ့နိုင်သည်။ ထို့ပြင် အကောင်းမြင်စိတ်ရှိသူများသည် ရင်းနှီးမြှုပ်နှံမှုတစ်ခု ဆုံးရှုံးရသည့်တိုင်အောင် အဆုံးသတ်အဖြစ်မယူဆဘဲ အကောင်းရရန်အတွက် အဆိုးကို ရင်ဆိုင်ရခြင်းမျိုးသာဖြစ်သည်။ အကောင်းများ၊ အကျိုးအမြတ်များ ပြန်လည်ရရှိလာမည်ဟုယုံကြည်ပြီး အားမလျှော့ဘဲ ပြန်လည်ရှင်သန်အောင်ကြိုးစားတတ်သည်။ ဆုံးရှုံးမှုများ၊ မအောင်မြင်မှုများဖြင့် ရင်ဆိုင်နေရသည့်အချိန်တွင်လည်း အောင်မြင်လာမှာပါ၊ အောင်မြင်အောင်လုပ်နိုင်မှာပါဟူသော မျှော်လင့်ချက်ဖြင့် ရှင်သန်သဖြင့် ကိုယ့်ဘာသာလှုံ့ဆော်မှုများပေးပြီး ဉာဏ်နှင့်ဝီရိယကို ထပ်တိုးဆောင်ရွက်တတ်သဖြင့် အောင်မြင်မှုများ ရရှိတတ်သည်။ အရှိပ်ရမည်ဟူသောမျှော်လင့်ချက်ကြောင့် နေပူမည်ကို မကြောက်သောအယူအဆမျိုးရှိတတ်သည်။

အကောင်းမြင်ဝါဒအကြောင်းပြောလျှင် ပေါ်လီယာနာဝတ္ထုအကြောင်း ချန်လှပ်၍မရနိုင်ပေ။ ပေါ်လီယာနာ(Pollyanna) ဝတ္ထုတွင် ပေါ်လီယာနာဆိုသော ၁၁ နှစ်ခန့်မိန်းကလေးသည် မိဘမဲ့သွားသည့်အတွက် စည်းကမ်းကြီးသော အဒေါ်အပျိုကြီး အန်တီပေါ်လီ ထံပို့ခံရပြီး အဒေါ်နှင့်နေသည့် မိဘမဲ့မိန်းကလေး၏ အကောင်းမြင်ဝါဒအကြောင်းနှင့် သူ၏ လောကမှာ ဘာပဲဖြစ်ဖြစ် ပျော်စရာရှာလို့ရပါတယ်ဆိုသောကစားနည်းအကြောင်းကို စာရေးဆရာမ Eleanor H. Porter က ၁၉၁၃ ခုနှစ်တွင် ရေးသားခဲ့သောဝတ္ထုဖြစ်သည်။ ဝတ္ထုမှာလည်း Happy Ending ဖြင့်ပင် အဆုံးသတ်ထားသည်ကိုတွေ့ရသည်။ အလွန်စိတ်ဝင်စားဖွယ်ကောင်းပြီး ကျွန်တော်အကြိမ်များစွာဖတ်ခဲ့သည့် စာအုပ်တစ်အုပ်လည်းဖြစ်သည်။

> ❖ လုပ်ငန်းတစ်ခုအောင်မြင်ရန် သို့မဟုတ် အောင်မြင်သောစီးပွားရေး လုပ်ငန်းတစ်ခု ရေရှည်တည်တံ့ခိုင်မြဲရန်မှာ ကောင်းမွန်သောအကောင်းမြင်စိတ်ရှိရန်လိုအပ်သကဲ့သို့ အဆိုးများကိုရင်ဆိုင်နိုင်ရန်လည်း အကောင်းမြင်စိတ်ရှိရန်လိုအပ်သည်။ တစ်နည်းအားဖြင့် ဖြစ်ပေါ်နိုင်သည့်ကောင်းဆိုးနှစ်တန်ကို မျှတပြီး ကြိုတင်တွက်ဆနိုင်ရန်အတွက် အကောင်းမြင်စိတ်လိုအပ်သည်။ သေချာစွာစီမံချက်ချမှတ်ပြီး စနစ်တကျကျွမ်းကျင်စွာ ဆောင်ရွက်ခြင်း၊ ကောင်းဆိုးနှစ်တန်ကို ကြိုတင်တွေးခေါ်ထားခြင်းတို့ဖြင့် မိမိတို့၏စီးပွားရေးလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်သည်။ ❖

၁၉၈၀ ပြည့်နှစ်များက ဖြစ်မည်။ ပေါ်လီယာနာကို မေတ္တာရှင်မလေး ငြိမ်းငြိမ်းအိအဖြစ် ရိုက်ကူးခဲ့ဖူးပြီး မင်းသမီးအင်္ဂလန်စိန် အကယ်ဒမီရခဲ့သောဇာတ်ကားလည်းဖြစ်သည်။ အင်္ဂလန်စိန်လည်း နောက်ပိုင်းရုပ်ရှင်များတွင် ငြိမ်းငြိမ်းအိနာမည်နှင့်ပင် ဆက်လက်ရိုက်ကူးရသည်ထိ ထိုခေတ်က အောင်မြင်ခဲ့သောရုပ်ရှင်ဖြစ်သည်။ ပေါ်လီယာနာ၏ အကောင်းမြင်ဝါဒနှင့်ပျော်စရာရှာသောကစားနည်းသည် ၁၉၁၀ ပြည့်နှစ်ခန့်က အလွန်ကျော်ကြားခဲ့သည်ဟုသိရပြီး အကောင်းမြင်ဝါဒရှိသူများနှင့် ၎င်းတို့၏အမြင်များကို Pollyanna Outlook ရှိသူများဟုပင် ခေါ်ခဲ့သည်။ နောင်တွင် စိတ်ပညာ၌ အကောင်းမြင်စိတ်အများအပြားရှိသူများကို Pollyanan Priciple (Pollyannaism)ဟု သုံးနှုန်းခဲ့သည်ထိ ကျော်ကြားခဲ့သည်။

**သတိထားရမည့်အားနည်းချက်များ**

တစ်ဖက်တွင်လည်း အလွန်အကျွံ အကောင်းမြင်စိတ်ရှိသူများသည် အမှန်တရားနှင့် ကင်းကွာပြီး Happy Ending သာအရာရာဖြစ်မည်ဟု မျှော်လင့်လာကာ ဘဝနှင့် ကင်းကွာတတ်သည်။ အပြင်းစား အကောင်းမြင်ဝါဒသမားများသည် စိတ်ကူးယဉ်သူများဖြစ်လာတတ်သည်။ အကောင်းများကိုသာ မျှော်လင့်ကာ စိတ်ကူးနှင့် ရှူးသူများ ဖြစ်လာတတ်သည်။ မျှော်လင့်သည့်အတိုင်း ဖြစ်မလာသည်က များလာသည့်အခါ စိတ်ဓာတ်ကျရောဂါလည်းဖြစ်လာတတ်သည်။ ရှုံးကန်လှုပ်ရှားရခြင်းများတွင် အားထုတ်မှုနည်းတတ်သည်၊ ကောင်းသွားမှာပါ ဟူသောအမြင်မျိုးဖြင့် ကြိုးစားအားထုတ်မှုလျော့တတ်သည်ဟုလည်း စိတ်ပညာရှင်များက ဆိုကြပြန်သည်။ လုပ်ငန်းတစ်ခုကို မကောင်းမြင်စိတ်ရှိသူများက စာချုပ်များဖြင့် အခွင့်အလမ်းသစ်များ သို့မဟုတ် စွန့်စားရမှုများကို ရှောင်ရှားတတ်ကြပြီး အကောင်းမြင်စိတ်ရှိသူများက ယုံကြည်မှုဖြင့် လုပ်ကိုင်တတ်ကြသည်။

သို့ရာတွင် ယနေ့ခေတ်အခြေအနေမှာ All re-spect, All suspect. ဟု ခံယူဆောက်တည်မှသာ ရေရှည်ရပ်တည်နိုင်မည့် အခြေအနေမျိုးဖြစ်သဖြင့် အကောင်းမြင်စိတ်ဖြင့် ယုံကြည်မှုထားရမည်ဖြစ်သော်လည်း စာချုပ်စာတမ်းများ၊ စည်းမျဉ်းစည်းကမ်းများကိုမူ လုပ်ကိုလုပ်ရမည့်လုပ်ငန်းအတွက် လိုအပ်ချက်များဟု သတ်မှတ်ထားသင့်သည်။

ဥပမာအားဖြင့် လေ့လာမှုများအရ လောင်းကစားဆန်သောလုပ်ငန်းများတွင် အောင်မြင်ရန် အခွင့်အလမ်းနည်းပါးသည့်အခြေအနေတွင် အရှုံးတစ်ခုဖြင့် ရပ်တန့်နိုင်ရန် လိုအပ်သည်။

**အကောင်းမြင်ပါ**

Positive Thinking ဟုခေါ်သော အပေါင်းလက္ခဏာဆောင်သည့် အတွေးအမြင်သည် လွန်စွာအရေးပါသည်။ ထို့ကြောင့် အတိုဆုံးပြောရလျှင် အကောင်းမြင်ပါဟု ပြောချင်သည်။ အကောင်းမြင်ဝါဒီများအနေဖြင့် မျှော်လင့်ချက်ဖြင့် အသက်ရှင်နေတတ်ကြသဖြင့် အသက်ရှည်တတ်ကြသည်။ စီးပွားရေးလုပ်ငန်းများ၌ အနာဂတ်အခြေအနေများကို ခန့်မှန်းကြရာတွင် အခြေခံအားဖြင့် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို လေ့လာသုံးသပ်နိုင်ရန်လိုအပ်သော်လည်း အဆိုးမြင်စိတ်ကို အခြေခံပါက စိန်ခေါ်မှုနှင့် အားနည်းချက်များကိုသာ ဇောင်းပေးပြီး လုပ်ငန်းကို အကောင်အထည်ဖော်ရန် ဝန်လေးနေကြမည်ဖြစ်သည်။

အထူးသဖြင့် အသက်အရွယ်ရလာသူများသည် အနာဂတ်ကိုမျှော်မှန်းရာတွင် အကောင်းထက် အဆိုးကို ဦးစွာတွေးတတ်သည်။ ထို့ကြောင့် မျှတသောအမြင်ရှိရန်နှင့် အကောင်းမြင်စိတ်ဖြင့်ကြည့်ရန် များစွာလိုအပ်သည်။ မည်သည့်ကိစ္စတွင်မဆို အစွန်းရောက်ခြင်းသည် ကောင်းကျိုးမရှိနိုင်ပေ။ အကောင်းမြင်ရာတွင်လည်း အလွန်အကျွံအစွန်းရောက်ပြီး အရာရာကို အကောင်းသာဖြစ်လာမည်ဟုမျှော်လင့်ခြင်း၊ ထင်မြင်ခြင်းသည် အမှန်တရားနှင့် ကင်းကွာတတ်သည်။ ထို့အတူပင် အရာရာသည် အဆိုးများသာဖြစ်သည်၊ ဖြစ်လာမည့်ကိစ္စများတွင်လည်း အဆိုးများသာလွှမ်းမိုးနေမည်ဟု အစွန်းရောက်အဆိုးမြင်ခြင်းသည်လည်း ပျက်စီးခြင်းကိုကြုံတွေ့နိုင်သဖြင့် အကောင်း၊ အဆိုး ဘက်လိုက် အတွေးအမြင်၊ သုံးသပ်ခြင်းများအစား အမှန်တရားနှင့် အနီးစပ်ဆုံး တွေးခေါ်သုံးသပ်ဆုံးဖြတ်လုပ်ကိုင်နိုင်မှသာ အကျိုးအမြတ်များစွာရရှိပြီး အောင်မြင်နိုင်မည်ဖြစ်သည်။ သို့ရာတွင် အဆိုးမြင်ခြင်းထက် အကောင်းကိုမျှော်လင့်ခြင်းနှင့် အကောင်းမြင်စိတ်ရှိခြင်းက ဘဝအတွက် ပိုမိုကောင်းမွန်သည်။ စီးပွားရေးလုပ်ငန်းများတွင်လည်း ငွေကြေးအမြတ်ရနေချိန်တွင် စိတ်ချမ်းသာမှုများရနေမည်ဖြစ်ပြီး ငွေကြေးအမြတ်မရချိန်တွင် အတွေ့အကြုံကောင်းဆိုသောအကျိုးများ ရနေမည်ဖြစ်သည်ကို သတိပြုရပါသည်။

လုပ်ငန်းတစ်ခုအောင်မြင်ရန် သို့မဟုတ် အောင်မြင်သောစီးပွားရေးလုပ်ငန်းတစ်ခု ရေရှည်တည်တံ့ခိုင်မြဲရန်မှာ ကောင်းမွန်သောအကောင်းမြင်စိတ်ရှိရန်လိုအပ်သကဲ့သို့ အဆိုးများကို ရင်ဆိုင်နိုင်ရန်လည်း အကောင်းမြင်စိတ်ရှိရန်လိုအပ်သည်။ တစ်နည်းအားဖြင့် ဖြစ်ပေါ်နိုင်သည့် ကောင်းဆိုးနှစ်တန်ကို မျှတပြီး ကြိုတင်တွက်ဆနိုင်ရန်အတွက် အကောင်းမြင်စိတ်လိုအပ်သည်။ သေချာစွာစီမံချက်ချမှတ်ပြီး စနစ်တကျကျွမ်းကျင်စွာဆောင်ရွက်ခြင်း၊ ကောင်းဆိုးနှစ်တန်ကို ကြိုတင်တွေးခေါ်ထားခြင်းတို့ဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ အခြေအနေမှန်ကို ကောင်းစွာသုံးသပ်နိုင်ရန် လိုအပ်သဖြင့် လုပ်ငန်းတိုင်းကို အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့်စိန်ခေါ်မှုများကို သေချာစွာတွက်ဆထားရန် လိုအပ်သည်။

များသောအားဖြင့် ကြားအဆင့်လက်တွေ့အကောင်အထည်ဖော်ရသော ခေါင်းဆောင်များသည် အဆုံးအဖြတ်ပေးမည့် ခေါင်းဆောင်များ၏ ငြိုငြင်မှု၊ မိမိတို့၏ရာထူးတည်မြဲရေး စသည်တို့ကို မျှော်ကိုးကာ အမှန်အတိုင်းသုံးသပ်ပြခြင်းမျိုးမပြုဘဲ အားသာချက်သာ များသယောင်၊ အခွင့်အလမ်းသာ များသယောင် ပိုပိုသာသာ၊ သာသာထိုးထိုး သုံးသပ်တင်ပြကြခြင်းဖြင့် ဆုံးဖြတ်ချက်အမှားများကို ပြုလုပ်စေတတ်ကြပြီး အောင်မြင်ရမည့်အခြေအနေမှ အမှန်မသုံးသပ်နိုင်ခြင်းကြောင့်လည်းကောင်း၊ မူလရည်မှန်းချက်မှ သွေဖည်လာသည်ကို ပြန်လည်တည့်မတ်နိုင်မှုမရှိခြင်းများကြောင့်လည်းကောင်း အောင်မြင်ရမည့်အခြေအနေမှ ဆုံးရှုံးမှုများ ကြုံရတတ်သည်။

ထို့ကြောင့် စီးပွားရေးလုပ်ငန်းတိုင်းကို စဉ်းစားသုံးသပ်ရာတွင် Macro Level၊ Meso Level နှင့် Micro Level အားလုံးတွင် အကောင်းမြင်စိတ်ဖြင့် ချဉ်းကပ်ပြီး မှန်ကန်သောရှုမြင်သုံးသပ်ချက်များဖြင့် အကောင်အထည်ဖော်နိုင်မှသာ ကောင်းစွာသော အကျိုးအမြတ်ကောင်းများကို ရရှိနိုင်မည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းတိုင်း ကောင်းစွာအောင်မြင်ပြီး စားသုံးသူအားလုံး စိတ်တိုင်းကျဖြစ်ကြပါစေ၊ Win-Win Situation ကို စီးပွားရေးလုပ်ငန်းတိုင်းတွင် ရကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

# လှိုင်းဘွဲ့မြို့နယ်တွင် VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လှိုင်းဘွဲ့ ဇူလိုင် ၂၆**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် မြေနီကုန်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက စီမံကိန်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာသူ၊ ကျေးရွာသားများက အများသဘောဆန္ဒနှင့်အညီ ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ် မြေနီကုန်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ယဉ်လေး**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# မော်လမြိုင်ကျွန်းမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ ထိ ဈေးကောင်းရရှိ

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၉**

ရောဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် စိုက်ပျိုးရေး ကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဖြူဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြီးခဲ့သည့်ဇွန်လအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိသာ ဈေးရှိခဲ့ပြီး ဇူလိုင်လပထမပတ်မှ ယနေ့ထိ တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါ စိုက်ပျိုးရေးကောက်ရိုးမှိုများ ဈေးကောင်းရရှိလာခြင်းသည် စိုက်ပျိုးရေးကောက်ရိုးမှိုကို စိုက်ပျိုးသူနည်းလာပြီး ဝယ်ယူမှုများပြားနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်က ဒေသထွက် စိုက်ပျိုးရေးကောက်ရိုးမှိုတွေ အခုလထဲမှာ အရင်ကထက် ဈေးကောင်းရရှိနေတယ်။ အခုနှစ် စိုက်ပျိုးစရိတ်တွေကလဲ အရင်ထက်ကုန်ကျမှု တော်တော်လေးများလာပါတယ်။ ဈေးကောင်းရရှိနေတာကလဲ အရင်နှစ်တွေက အခုလောက် ဈေးကွက်မကောင်းခဲ့တော့ ဒီနှစ် ဈေးမကောင်းလောက်ဘူးထင်ပြီး နည်းနည်းပဲစိုက်ခဲ့ကြတော့ အထွက်နှုန်းနည်းပြီး ဈေးရနေတာလို့ထင်ပါတယ်။ အခုနှစ် စိုက်ပျိုးသူတွေလဲ တွက်ခြေကိုက်နေတယ်။ ဒေသမှိုထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေတယ်။ ရန်ကုန်ဘက်ကလဲ မှိုတွေ အဝယ်လိုက်နေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်ဖြူဝင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် စိုက်ပျိုးရေး ကောက်ရိုးမှိုများကို ကျေးလက်ဒေသနေ တောင်သူများက တစ်နိုင်တစ်ပိုင်စီးပွားရေးအဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ အဆိုပါ စိုက်ပျိုးထားသည့် ကောက်ရိုးမှိုများသည် စတင်စိုက်ပျိုးသည့်အချိန်မှ ၁၅ ရက်သို့မဟုတ် ရက် ၂၀ ခန့်အတွင်း တစ်ကြိမ်ပြန်လည်နုတ်ယူရောင်းချနိုင်သည့် အမျိုးအစားဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးရေးကောက်ရိုးမှို ၁၅ ပေခန့်အကျယ်တစ်ပေါင်လျှင် အထွေထွေကုန်ကျစရိတ် ငွေကျပ် ၅၅၀၀၀ ထိ ကုန်ကျကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ရှားမြို့နယ် ညောင်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေး

**ရှား ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ညောင်အိုင်ကျေးရွာအုပ်စု ညောင်အိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ညောင်အိုင်ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဦးအောင်လွင်မိုးနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၅ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်အိုင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## ကောင်းမှုရည်မြော် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်

- မာရဝိဇယ ဝေါဟာရကား
ဗုဒ္ဓဘုရား မာရ်ငါးပါးကို
ပြတ်သားခိုင်ကျည် အောင်မြင်သည်ဟု
သုံးလူ့နတ်ရွာ မြတ်ဆရာဟု
ကြေညာအောင်မောင်း ခတ်စေကြောင်းဟု
စာကောင်းမှန်စွာ ဘိဓမ္မာတွင်
သေချာမှတ်သား နာရငြားဏ်။

- ထိုထိုအသိ တရားရှိ၍
အမိမြန်မာ ငြိမ်းချမ်းသာ၍
ဘယာကင်းဝေး သောကအေးအောင်
ကြံတွေးယူဆ မြတ်ဗုဒ္ဓ၏
ရုပ်လှကိုယ်ပွား မြတ်ဘုရားကို
တည်ထားရည်မြော် နေပြည်တော်၌
ဘွဲ့တော်နာမ "မာရဝိဇယ"ဟု
ထွန်းပပူဇော် ဇမ္ဗူကျော်၏။

- မင်းနှင့်ပြည်သူ များဗိုလ်လူတို့
ကြည်ဖြူလက်တွဲ အားမာန်ဖွဲ့ဖြင့်
စွဲမြဲဓိဋ္ဌာန် စိတ်ရည်သန်လျက်
တွန်းလှန်ခက်ခဲ တို့အောင်ပွဲကို
မင်းပွဲပမာ ဝှဲချီးသာ၍
မကြာဆင်နွဲ ဗုဒ္ဓပွဲတွင်
တို့လည်းပါဝင် ပျော်ပျော်ရွှင်ဖြင့်
ကြည်လင်ပန်ထွာ ကန်တော့ပါ၏။

- မာရဝိဇယ မြတ်ဗုဒ္ဓ၏
ရုပ်လှအမြတ် အကြည်ဓာတ်သည်
ရင်သပ်ရှုမော ဘဝင်ဇောဝယ်
အတောမသတ် ကြည်ညိုလတ်၍
ရုပ်ဓာတ်ခန္ဓာ ကြည်လင်စွာဖြင့်
သေချာမှတ်သား ကုသိုလ်ပွားကြောင့်
ဘုရားဒါယကာ အဖြာဖြာကို
သေချာပန်ဆု မြတ်သာဓုဖြင့်
ကောင်းမှုထွေထွေ ရပါစေဟု
မသွေမေတ္တာ ပို့သပါ၏။ ။

**မန္တလာပြေ**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နိုင်ငံတကာ သတင်းများ

# ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်စတင်ရန် ဂျပန်ကို သီရိလင်္ကာနိုင်ငံ ဖိတ်ခေါ်

**ကိုလံဘို ဇူလိုင် ၂၉**

လျှပ်စစ်စွမ်းအင်၊ လမ်းနှင့် ဆိပ်ကမ်းများအပါအဝင် ဖွံ့ဖြိုးရေးစီမံကိန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်စတင်ပြုလုပ်ရန် သီရိလင်္ကာနိုင်ငံက ယနေ့တွင် ဂျပန်နိုင်ငံကို ဖိတ်ခေါ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သီရိလင်္ကာသို့ရောက်ရှိနေသော ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရှီမာဆာ ဟာယာရှီနှင့် ယနေ့တွင် ကိုလံဘိုမြို့၌ တွေ့ဆုံဆွေးနွေးစဉ် သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီး အလီဆာဘရီက ရင်းနှီးမြှုပ်နှံမှုများ ပြန်စရန် ဂျပန်နိုင်ငံကို ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာအနေဖြင့် လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများအပါအဝင် ကဏ္ဍမျိုးစုံ၌ ဂျပန်နိုင်ငံရင်းနှီးမြှုပ်နှံပေးရေးအတွက် ဆန္ဒရှိကြောင်း အလီဆာဘရီက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်အတွင်း ပြင်းထန်သည့် ဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသော သီရိလင်္ကာနိုင်ငံသည် စီးပွားရေးပြန်လည်ဦးမော့နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး၏ ဂျပန်ရင်းနှီးမြှုပ်နှံမှုပြန်လည်စတင်ရေးဖိတ်ခေါ်ချက်ကို ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာယာရှီက တရားဝင်တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် သမိုင်းကြောင်းအစဉ်အလာအရ သီရိလင်္ကာနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ခဲ့သော နိုင်ငံဖြစ်သည်။

သို့သော် သီရိလင်္ကာနိုင်ငံက အမေရိကန်ဒေါ်လာ နှစ်ဘီလီယံတန်ဖိုးရှိ ဂျပန်ရထားလမ်းစီမံကိန်းသစ်ကို တစ်ဖက်သတ်ရပ်ဆိုင်းခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးအေးစက်ခဲ့ကြောင်း သိရသည်။ KKO



# ဘင်္ဂလားဒေ့ရှ်အတိုက်အခံပါတီထောက်ခံသူများက ဝန်ကြီးချုပ် ဟာစီနား ရာထူးမှနုတ်ထွက်ရန်တောင်းဆို

**ဒါကာ ဇူလိုင် ၂၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိကအတိုက်အခံပါတီကို ထောက်ခံသူပြည်သူ ထောင်ပေါင်းများစွာတို့သည် ဒါကာမြို့၌ ဇူလိုင် ၂၈ ရက်တွင် ချီတက်ဆန္ဒပြခဲ့ကြပြီး လက်ရှိဝန်ကြီးချုပ် ရှိတ်စ်ဟာစီနား ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘင်္ဂလားဒေ့ရှ် အမျိုးသားရေးပါတီ(ဘီအင်န်ပီ)သည် ပါတီခေါင်းဆောင် ခါလီဒါဇီယာ ၂၀၁၈ ခုနှစ်အတွင်း ဖမ်းဆီးခံခဲ့ရပြီးနောက် ကစဉ့်ကလျားဖြစ်ခဲ့ရသည်။

သို့ရာတွင် ပြီးခဲ့သည့်လများအတွင်း ဘီအင်န်ပီပါတီသည် ထောက်ခံသူအင်အားအလုံးအရင်းပါဝင်သည့် ဆန္ဒပြပွဲများပြန်လည်ပြုလုပ်၍ လက်ရှိအာဏာရ အဝါမီလိဂ်ပါတီကို နိုင်ငံရေးအရ ဖိအားပေးလာနိုင်ခဲ့သည်။

ဇူလိုင် ၂၈ ရက် ဆန္ဒပြပွဲတွင် ဘီအင်န်ပီပါတီထောက်ခံသူများသည် လက်ရှိဝန်ကြီးချုပ် ရှိတ်စ်ဟာစီနား ရာထူးမှနုတ်ထွက်၍ အထွေထွေရွေးကောက်ပွဲများကို အိမ်စောင့်အစိုးရ ဦးဆောင်မှုအောက်တွင် ကျင်းပရန် တောင်းဆိုခဲ့ကြသည်။

လွတ်လပ်မျှတသည့်ရွေးကောက်ပွဲများကသာလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ဒီမိုကရေစီကိုထိန်းသိမ်းပေးနိုင်မည်ဖြစ်ကြောင်း ဘီအင်န်ပီပါတီထိပ်တန်းခေါင်းဆောင်များက ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ရှိတ်စ်ဟာစီနား ရာထူးမှနုတ်ထွက်၍ အိမ်စောင့်အစိုးရဦးဆောင်မှုဖြင့် ရွေးကောက်ပွဲကျင်းပရေးအတွက် ဆန္ဒပြသမားများ၏ တောင်းဆိုချက်ကို လက်ရှိဘင်္ဂလာဒေ့ရှ်အစိုးရက ငြင်းပယ်ထားသည်။

ဝန်ကြီးချုပ် ရှိတ်စ်ဟာစီနား ဦးဆောင်သော အစိုးရအဖွဲ့သည် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲများ၌ မဲမသမာမှုများကျူးလွန်မှုစွပ်စွဲချက်များနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ KKO

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် တရုတ်အစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ



**ပြုံယမ်း ဇူလိုင် ၂၉**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ကိုရီးယားကျွန်းဆွယ်စစ်ပွဲ နှစ် (၇၀) ပြည့် အခမ်းအနား တက်ရောက်ရန် ပြုံယမ်းမြို့သို့ ရောက်ရှိနေသည့် တရုတ်အစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် ဇူလိုင် ၂၈ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်အစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် တရုတ်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ပို၍မြှင့်တင်ရန် ကတိပြုခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ကိုရီးယား ကျွန်းဆွယ်စစ်ပွဲပြီးဆုံးမှု နှစ်(၇၀)ပြည့် အခမ်းအနားသို့ တက်ရောက်ခဲ့သော တရုတ်ကိုယ်စားလှယ်အဖွဲ့ကို တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် လီဟောင်ကျောင်းက ဦးဆောင်ကြောင်း သိရသည်။

လီဟောင်ကျောင်း ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့သည် ကိုဗစ်-၁၉ ရောဂါကပ်ဘေးစတင်ပေါ်ပေါက်ပြီး နောက်ပိုင်း မြောက်ကိုရီးယားသို့ ပထမဆုံးရောက်ရှိလာသည့် တရုတ်အစိုးရကိုယ်စားလှယ်အဖွဲ့ ဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ကိုရီးယားကျွန်းဆွယ် စစ်ပွဲပြီးဆုံးမှုနှစ် (၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိုဂူးလည်း တက်ရောက်ခဲ့သည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့သည် တိုက်ချင်းပစ်ဒုံးကျည် အစီအစဉ်များအတွက် မြောက်ကိုရီးယားကို အရေးယူပိတ်ဆို့ရန် အမေရိကန်နိုင်ငံ၏ကြိုးပမ်းအားထုတ်မှုများကို ကန့်ကွက် ဆန့်ကျင်ထားကြသော နိုင်ငံများဖြစ်ကြောင်း သိရသည်။

KKO

# အမေရိကန်နှင့်ဩစတြေးလျ ပူးတွဲစစ်ရေးလေ့ကျင့်မှု ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုကြောင့် ရပ်နားခဲ့ရ

**ဆစ်ဒနီ ဇူလိုင် ၂၉**

ဩစတြေးလျ ကာကွယ်ရေးတပ်ဖွဲ့(အေဒီအက်ဖ်)၏ ရဟတ်ယာဉ်တစ်စင်း ယနေ့တွင် ပျက်ကျခဲ့ပြီးနောက် အမေရိကန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ ပြုလုပ်ဆဲနိုင်ငံစုံ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ရပ်နားထားရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမ်အာရ်အိတ်ချ်-၆၀အမျိုးအစား အဆိုပါဩစတြေးလျ စစ်ဘက်ရဟတ်ယာဉ်သည် စစ်ရေးလေ့ကျင့်မှု၌ပါဝင်နေစဉ် ကွင်းစလန်းပြည်နယ် ဘရစ္စဘိန်းမြို့မြောက်ဘက်မိုင် ၅၅၀ အကွာ ရေပြင်အတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ပျက်ကျခဲ့သည့် ရဟတ်ယာဉ်နှင့် လိုက်ပါသွားသူလေးဦးကို ရှာဖွေလျက်ရှိကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အဆိုပါရဟတ်ယာဉ်ပျက်ကျမှုကြောင့် လက်ရှိပြုလုပ်ဆဲနိုင်ငံစုံစစ်ရေးလေ့ကျင့်မှုအစီအစဉ်ကိုလည်း ရပ်ထားရကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရက်သတ္တနှစ်ပတ်ကြာ ပြုလုပ်ရန်စီစဉ်ထားသော အဆိုပါနိုင်ငံစုံစစ်ရေးလေ့ကျင့်မှုတွင်ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့အပါအဝင် အခြားနိုင်ငံပေါင်း ၁၁ နိုင်ငံတို့မှ တပ်ဖွဲ့ဝင်ပေါင်း ၃၀၀၀၀ ကျော် ပါဝင်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ ဒေသတွင်းစစ်ရေးခြေဗျာမြင့်တက်လာချိန်တွင် မဟာမိတ်များကြား ညီညွတ်မှုပြရန် အဆိုပါ စစ်ရေးလေ့ကျင့်မှုများကို အမေရိကန်နှင့် ဩစတြေးလျတို့ ဦးဆောင်ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ KKO

# စုန်းအဖြစ် စွပ်စွဲခံထားရသူများကာကွယ်ရေးဥပဒေကြမ်းကို ဂါနာလွှတ်တော်အတည်ပြု

**အက္ကရာ ဇူလိုင် ၂၉**

စုန်းများအဖြစ် စွပ်စွဲခံထားရသူပြည်သူများကို အကာအကွယ်ပေးနိုင်ရေးအတွက် ဂါနာလွှတ်တော်သည် ဇူလိုင် ၂၈ ရက်တွင် ဥပဒေကြမ်းတစ်ရပ်အတည်ပြုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း စုန်းကဝေတစ်ဦးအဖြစ် စွပ်စွဲခံထားရသည့် အသက် ၉၀ အရွယ်အဘွားအိုတစ်ဦးရက်စက်စွာ သတ်ဖြတ်ခံခဲ့ရပြီးနောက် အဆိုပါဥပဒေကြမ်းကို ဂါနာလွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

ယင်းဥပဒေကြမ်းအရ စုန်းကဝေအဖြစ် စွပ်စွဲခံထားရသူများကို အနိုင်ကျင့်ညှဉ်းပန်းမှု၊ ရပ်ရွာပြင်ပသို့ နှင်ထုတ်ထားမှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်အရေးယူနိုင်မည်ဖြစ်သည်။



ထို့ပြင် စုန်းကဝေအဖြစ် စွပ်စွဲခံထားရသူများ ရပ်ရွာမှနှင်ထုတ်ခံရပြီးနောက် ခိုလှုံနေကြရသည့် တဲစခန်းများကိုဖျက်သိမ်းရန်လည်း အဆိုပါဥပဒေကြမ်းတွင် ညွှန်ကြားထားသည်။


ဂါနာနိုင်ငံ မြောက်ပိုင်း၌ စုန်းကဝေအဖြစ် စွပ်စွဲခံခဲ့ရပြီးနောက် အဆိုပါတဲစခန်းများ၌ ခိုလှုံနေရသူ လူကြီး၊ ကလေး အရေအတွက်မှာ ဦးရေ ၅၀၀ ခန့်ထိ ရှိကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့(အမ်နက်စတီ)၏ အဆိုအရ သိရသည်။

စုန်းကဝေအဖြစ် စွပ်စွဲခံထားရသူများ ကာကွယ်ရေးဥပဒေကြမ်းသည် ဂါနာသမ္မတ နာနာအကူဖိုအက်ဒို လက်မှတ်ရေးထိုးပြီးပါက ဥပဒေအဖြစ် စတင်အာဏာသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## 12P/Pons-Brooks အမည်ရှိ ကြယ်တံခွန်က နှစ်ပေါင်း ၇၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ပေါက်ကွဲမှုများဖြစ်နေ



**ဝါရှင်တန် ဇူလိုင် ၂၉**

12P/Pons-Brooks အမည်ရှိ ကြယ်တံခွန်သည် နှစ်ပေါင်း ၇၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ပေါက်ကွဲမှုများ ဖြစ်နေကြောင်း Live Science သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် အဆိုပါ ကြယ်တံခွန်သည် ကမ္ဘာမြေဘက်သို့ ဦးတည်ပျံသန်းနေကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားနေစဉ် 12P/Pons-Brooks ကြယ်တံခွန်သည် ကြယ်ငယ်တစ်စင်းပမာ အလင်းအား တောက်ပလာခဲ့ပြီး အလွန်အေးမြသည့် ရေခဲချော်မှုန်များကို အာကာသဟင်းလင်းပြင်အတွင်းသို့ ထုတ်လွှတ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်တံခွန်သည် ရေခဲမီးတောင်ကြယ်တံခွန်အုပ်စုဝင် ကြယ်တံခွန်တစ်စင်းဖြစ်ပြီး အရွယ်အစားအားဖြင့် အချင်း ၁၈ ဒသမ ၆ မိုင်ခန့်ရှိကြောင်း သိရသည်။

12P ကြယ်တံခွန်သည် နေပတ်လမ်းအရှည်လျားဆုံး ကြယ်တံခွန်များထဲတွင်ပါဝင်ပြီး နေကို တစ်ပတ်အပြည့်ပတ်မိရန် ၇၁ နှစ်အချိန်ယူရသည်။

၎င်းကြယ်တံခွန်သည် ၂၀၂၄ ခုနှစ် ဧပြီ ၂ ရက်တွင် ကမ္ဘာမြေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

KKO

## ဥရောပအာကာသအေဂျင်စီ၏ အေရိုးလပ်စ် မိုးလေဝသဂြိုဟ်တုက အတ္တလန္တိတ်သမုဒ္ဒရာရေပြင်အတွင်းသို့ ဇူလိုင် ၂၈ ရက်တွင် ကျရောက်ခဲ့

**ပဲရစ် ဇူလိုင် ၂၉**

ဥရောပအာကာသအေဂျင်စီ၏ အေရိုးလပ်စ်အမည်ရှိ မိုးလေဝသဂြိုဟ်တုသည် အတ္တလန္တိတ်သမုဒ္ဒရာရေပြင်အတွင်းသို့ ဇူလိုင် ၂၈ ရက်တွင် ကျရောက်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

အဆိုပါဂြိုဟ်တုသည် ကမ္ဘာ့ပထမဆုံးအကြိမ်အဖြစ် မြေပြင်စခန်း၏ထိန်းကျောင်းမှုဖြင့် သတ်မှတ်နေရာ၌ ကျရောက်ခဲ့သော ဂြိုဟ်တုဖြစ်သည်။

ပုံမှန်အားဖြင့် အေရိုးလပ်စ်ဂြိုဟ်တုသည် သဘာဝအလျောက် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်၍ ကမ္ဘာ့မြေပြင်အထက် အမြင့်မိုင် ၅၀ သို့ရောက်ချိန်တွင် လောင်ကျွမ်းပြိုကွဲသွားရလိမ့်မည်ဖြစ်သည်။



သို့ရာတွင် ဥရောပအာကာသအေဂျင်စီ မြေပြင်ကွပ်ကဲဝန်ထမ်းများသည် အေရိုးလပ်စ်ဂြိုဟ်တု၏ နောက်ဆုံးလောင်စာကို အသုံးပြု၍ ၎င်းဂြိုဟ်တုကို အတ္တလန္တိတ်သမုဒ္ဒရာဒေသ သတ်မှတ်ရေပြင်အတွင်းသို့ ကျရောက်စေခဲ့ခြင်းဖြစ်သည်။

အေရိုးလပ်စ်ဂြိုဟ်တုသည် ၂၀၁၈ ခုနှစ်မှစ၍ ဥရောပတစ်ဝန်းရှိ မိုးလေဝသဌာနများအတွက် မိုးလေဝသအချက်အလက်များ ဖြည့်ဆည်းပေးခဲ့သောဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါဂြိုဟ်တုသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ လေစီးကြောင်းများ အခြေအနေကို စောင့်ကြည့်ပေးခဲ့သည့် ပထမဆုံး ဂြိုဟ်တုလည်းဖြစ်ကြောင်း သိရသည်။

KKO

## နာဆာ၏ ဂျူနိုအာကာသယာဉ်က ဇူလိုင် ၃၀ ရက်တွင် ကြာသပတေးဂြိုဟ်၏ အိုင်အိုဂြိုဟ်ရံလကို ယခင်ကထက်ပို၍နီးကပ်သည့်အကွာအဝေးမှ ဖြတ်ကျော်ပျံသန်းမည်

**ဝါရှင်တန် ဇူလိုင် ၂၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျူနိုအာကာသယာဉ်သည် ဇူလိုင် ၃၀ ရက်တွင် ကြာသပတေးဂြိုဟ်၏ အိုင်အိုဂြိုဟ်ရံလကို ယခင်ကထက်ပို၍ နီးကပ်သည့်အကွာအဝေးမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

ဂျူနိုအာကာသယာဉ်သည် ဇူလိုင် ၃၀ ရက်တွင် အိုင်အိုဂြိုဟ်ရံလကို မီးတောင်မျက်နှာပြင်နှင့် မိုင်ပေါင်း ၁၃၇၀၀ ခန့်အကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

အိုင်အိုဂြိုဟ်ရံလကို အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ်အတွင်း ၎င်းဂြိုဟ်ရံလမျက်နှာပြင်ပေါ်၌ ဖြစ်ပွားနေသော မီးတောင်ပေါက်ကွဲမှုများကို ဂျူနိုအာကာသယာဉ်၌တပ်ဆင်ထားသည့် စူးစမ်းလေ့လာရေးစနစ်များဖြင့် လေ့လာနိုင်ရန် နာဆာက မျှော်လင့်ထားသည်။

၂၀၂၂ ခုနှစ်က လွှတ်တင်ခဲ့သည့် ဂျူနိုအာကာသယာဉ်သည် ကြာသပတေးဂြိုဟ်စနစ်အတွင်း ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း ကြာသပတေးဂြိုဟ်နှင့် ၎င်းဂြိုဟ်၏ ဂြိုဟ်ရံလများကို စူးစမ်းလေ့လာခဲ့ကြောင်း သိရသည်။

အချင်းမိုင်ပေါင်း ၂၂၆၀ ရှိသည့် အိုင်အိုဂြိုဟ်ရံလသည် နေအဖွဲ့အစည်း၏ စတုတ္ထအကြီးဆုံးဂြိုဟ်ရံလဖြစ်ပြီး ကမ္ဘာ့ဂြိုဟ်၏ဂြိုဟ်ရံလထက် အနည်းငယ်မျှ ပိုကြီးမားကြောင်း သိရသည်။

အိုင်အိုဂြိုဟ်ရံလ၏ မီးတောင်လှုပ်ရှားမှုများသည် ကြာသပတေးဂြိုဟ်၏ ပြင်းထန်သည့်ဖြပ်ဆွဲအားနှင့် ဆက်စပ်နေသည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

KKO

# HEALTH

## သက်ကြီးပိုင်းများ အက်စပရင်ဆေးနေ့စဉ်သုံးစွဲမှုက အကျိုးထက် အဆိုးပိုများနိုင်ဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၂၉**

သက်ကြီးပိုင်းများအနေဖြင့် နှလုံးရုတ်တရက်ဖောက်မှု၊ လေဖြတ်မှုတို့မှကာကွယ်ရေးအတွက် အက်စပရင်ဆေး နေ့စဉ်သုံးစွဲမှုသည် အကျိုးထက် အဆိုးပိုများနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ပစ်ဘာ့ဂ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ အက်စပရင်ဆေး နေ့စဉ်သုံးစွဲမှုကြောင့် ဦးနှောက်သွေးယိုနိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် သက်ကြီးပိုင်း ၁၉၀၀၀ ကျော် တို့ကိုလေ့လာခဲ့ရာ အက်စပရင် နေ့စဉ်သုံးစွဲသူများ၌ ဦးနှောက်သွေးကြောပိတ်ဆို့မှုကြောင့် လေဖြတ်နိုင်ခြေကျဆင်းမှုမရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

သို့ရာတွင် အက်စပရင်နေ့စဉ်သုံးစွဲမှုကြောင့်ပင် ဦးနှောက်သွေးယိုနိုင်ခြေ ပုံမှန်ထက် ၃၈ ရာခိုင်နှုန်း ပို၍မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် အက်စပရင်နေ့စဉ်သုံးစွဲမှုကြောင့် လေဖြတ်မှု၊ နှလုံးဖောက်မှုများ မရှိခဲ့ဖူးသူများအတွက် အကျိုးထက် အဆိုးသာပိုများနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

နိုင်ငံတကာဆေးပညာရှင်များ ယခင်ပြုလုပ်ခဲ့သည့်လေ့လာချက်များတွင်လည်း နှလုံးရုတ်တရက်ဖောက်မှု၊ လေဖြတ်မှု စသည့်နှလုံးသွေးကြောဆိုင်ရာရောဂါ မရှိခဲ့ဖူးသူများအနေဖြင့် အက်စပရင်ကို နေ့စဉ်သုံးစွဲမှုမလုပ်သင့်ဟု အကြံပြုထားကြောင်း သိရသည်။

KKO

## ဟင်းသီးဟင်းရွက်အခြေခံဓာတ်စာများက နှလုံးကျန်းမာရေး မြှင့်တင်ရေးအတွက် အထောက်အကူပေးနိုင်

**ဆစ်ဒနီ ဇူလိုင် ၂၉**

အသီးအနှံနှင့်ဟင်းသီးဟင်းရွက် အခြေခံဓာတ်စာများသည် နှလုံးကျန်းမာရေးကိုမြှင့်တင်ရေးအတွက် အထောက်အကူပေးနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

ဩစတြေးလျ သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ ဟင်းသီးဟင်းရွက်အခြေခံဓာတ်စာများကို ပုံမှန်အားဖြင့် ခြောက်လကြာစားသုံးခဲ့သူများတွင် ကိုလက်စထရောပါဝင်မှု၊ သွေးအတွင်းသကြားဓာတ်ပါဝင်မှုနှင့် ကိုယ်အလေးချိန်တို့၌ ကျန်းမာရေးအရ တိုးတက်မှုရှိလာကြောင်း သိရသည်။

အသားလျှော့ချ၍ ဟင်းသီးဟင်းရွက်ပိုစားသုံးမှုသည် ကျန်းမာရေးကိုအထောက်အကူပြုကြောင်း ဩစတြေးလျသုတေသနပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အသားစားသုံးမှုနှင့် နှိုင်းယှဉ်ပါက ဟင်းသီးဟင်းရွက်စားသုံးမှုသည် ကိုလက်စထရောအဆင့်၊ သွေးအတွင်းသကြားဓာတ်ပါဝင်မှုအဆင့်နှင့် ကိုယ်အလေးချိန်တို့ကို ထိန်းပေးထားရာတွင် သိသိသာသာ အထောက်အကူပြုကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် နိုင်ငံတကာသုတေသနပညာရှင်များ ယခင်ပြုလုပ်ခဲ့သည့် လေ့လာချက် ၂၀ ကို ပြန်လည်စိစစ်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အပင်ထွက်အစားအစာများ၌ တွေ့ရတတ်သည့် Flavan-3-ols ကဲ့သို့ ဓာတုဒြပ်ပေါင်းများသည် သွေးကြောဆဲလ်များ ကျန်းမာရေးကို ထိန်းပေးထားနိုင်ကြောင်း သိရသည်။

KKO






# အေဂျက်ခံစစ်ကစားသမား ဘက်ဆေး ပြောင်းရွှေ့ကြေး ယူရို ၂၂ သန်းဖြင့် ဖူလ်ဟမ်အသင်းသို့ရောက်ရှိ

**လန်ဒန် ဇူလိုင် ၂၉**

ဖူလ်ဟမ်အသင်းသည် အေဂျက်အသင်းခံစစ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် ဘက်ဆေးကို ပြောင်းရွှေ့ကြေး ယူရို ၂၂ သန်းဖြင့်ခေါ်ယူကာ လာမည့် ၂၀၂၇ ခုနှစ်ထိ လေးနှစ်သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း Premiumtimesng.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား ဘက်ဆေးသည် ပြီးခဲ့သည့်ဘောလုံးရာသီက ရိန်းဂျားအသင်းမှ အေဂျက်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၉ ပွဲပါဝင်ကစားခဲ့ရာတွင် ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် ဖူလ်ဟမ်အသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ပြောင်းရွှေ့ကြေး ယူရို ၂၂ သန်းဖြင့် လေးနှစ်စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး စာချုပ်သက်တမ်းကုန်ဆုံးပါက တစ်နှစ်သက်တမ်းတိုးခွင့်ပါရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဖူလ်ဟမ်အသင်းသည် အသင်းမှထွက်ခွာရန်စီစဉ်နေသည့် ခံစစ်ကစားသမား အဒါရာဘီအိုယိုနေရာတွင် ဘက်ဆေးကို အစားထိုးရန်ဆုံးဖြတ်ခဲ့ပြီး ယခုအပြောင်းအရွှေ့ကာလတွင် တိုက်စစ်မှူးဂျိမီနက်ဇ်နောက်ပိုင်း ဒုတိယမြောက်ကစားသမား ခေါ်ယူမှုပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဖူလ်ဟမ်အသင်း ဒုတိယဥက္ကဋ္ဌ တိုနီခမ်းက "ဘက်ဆေးဟာ ငယ်ရွယ်ထူးချွန်တဲ့ ကစားသမားတစ်ဦးပါ။သူဟာရိန်းဂျား၊အေဂျက်အသင်းတို့မှာမကစားခင် လက်စတာစီးတီးအကယ်ဒမီမှာထဲက အရည်အသွေးပြည့်ဝတဲ့ လူငယ်တစ်ဦးဖြစ်ပါတယ်။ဒါကြောင့်အခုအပြောင်းအရွှေ့မှာဘက်ဆေးဟာ ဖူလ်ဟမ်ရဲ့ ဦးစားပေးပစ်မှတ် ဖြစ်ခဲ့တာပါ။ သူ့အနေနဲ့ အသင်းနဲ့ ကာလရှည် လက်တွဲခဲ့လို့ ဝမ်းသာမိပါတယ်။ ဖူလ်ဟမ်အသင်းက သူ့ကိုကြိုဆိုပါတယ်"ဟု ပြောကြားခဲ့သည်။

ဖူလ်ဟမ်အသင်းသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် အဲဗာတန်အသင်းနှင့် အဝေးကွင်းသွားရောက်ကစားရမည်ဖြစ်ပြီး ၎င်းပွဲစဉ်ကို ဩဂုတ် ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ML




## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက တိုက်စစ်မှူး ဟိုက်လန်းကို စတာလင်ပေါင် ၇၂ သန်းဖြင့်ခေါ်ယူ၍ ငါးနှစ်စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- စီးရီးအေကလပ် အတ္တလန်တာအသင်းက အယ်မာရီယာခံစစ်ကစားသမားတိုရေးကို ပြောင်းရွှေ့ကြေး ယူရို ၂၈ သန်းဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်။
- ချဲလ်ဆီးအသင်းက အသက် ၁၉ နှစ်ရှိ ရင်းနက်ကွင်းလယ်ကစားသမား အူကိုချူကူကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- ၂၀၂၃အမျိုးသမီးကမ္ဘာ့ဖလားအုပ်စုပွဲစဉ်တွင် ဆွီဒင်အသင်းက အီတလီအသင်းကို ငါးဂိုးပြတ်အနိုင်ယူ၍ အုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ML

# လာမည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ဂျူဗင်တပ်အသင်းကို ဥရောပပြိုင်ပွဲကစားခွင့်ပိတ်ပင်ကြောင်း ယူအီးအက်ဖ်အေ ထုတ်ပြန်






**နီယွန် ဇူလိုင် ၂၉**

ဥရောပဘောလုံးအဖွဲ့ချုပ်၏ Club Financial Control Body က ဂျူဗင်တပ်အသင်းကို ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်ခဲ့မှုကြောင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် လာမည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီကို ဥရောပပြိုင်ပွဲကစားခွင့်ပိတ်ပင်ခဲ့သည်ဟု 90 Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ကစားသမားအပြောင်းအရွှေ့နှင့် လုပ်ခလစာပေးချေရာတွင် စာရင်းလိမ်လည်မှုများကြောင့် အီတလီဘောလုံးအဖွဲ့ချုပ်၏ အရေးယူခြင်းကိုခံခဲ့ရသဖြင့် ရမှတ် ၁၀ မှတ်လျော့ပြစ်ဒဏ်ကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ဆုံးရှုံးခဲ့ရပြီး ယူရိုပါကွန်ဖရင့်လိဂ်ဝင်ခွင့်သာ ရရှိခဲ့သော်လည်း ယူအီးအက်ဖ်အေက ချမှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းကို ချိုးဖောက်ခဲ့သည့်အတွက် ထပ်မံစစ်ဆေးမှုပြုလုပ်ခဲ့ရာ ပြစ်မှုထင်ရှားသဖြင့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီကို ဥရောပပြိုင်ပွဲကစားခွင့်ပိတ်ပင်ခြင်းနှင့် ဒဏ်ကြေးငွေ ယူရို ၁၀ သန်း ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ဂျူဗင်တပ်အသင်းဥက္ကဋ္ဌ ဖာရီရိုက "ဒီပြစ်စဉ်နဲ့ပတ်သက်ပြီး အယူခံဝင်သွားမှာ မဟုတ်ပါဘူး။ တကယ်လို့အယူခံကျရှုံးခဲ့မယ်ဆိုရင် လာမဲ့ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီကိုပါ ဥရောပပြိုင်ပွဲကစားခွင့် ရဖို့မသေချာပါဘူး။ဒီလိုမသေချာမှုတွေအတွက် အချိန်ကုန်မဲ့အစား ကျွန်တော်တို့အသင်း ပရိသတ်တွေ၊ စပွန်ဆာတွေ၊ ဘဏ္ဍာရေးအကူအညီပေးနေသူတွေအတွက် လာမဲ့ရာသီမှာ ကွင်းအတွင်းအောင်မြင်မှုရရှိအောင် ကြိုးစားသွားမှာပါ။ အခုလို ခက်ခဲမှုတွေရှိနေတဲ့ရာသီကို အကောင်းဆုံးကျော်ဖြတ်သွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# အေတီကိုအသင်း ကစားသမားဟောင်း ဂိုဒင် ကစားသမားဘဝမှ အနားယူ

**မက်ဒရစ် ဇူလိုင် ၂၉**

အာဂျင်တီးနားကလပ် ပီလက်ဆာဖီးလ်အသင်းတွင် ကစားနေသည့် အေတီကိုအသင်းခံစစ်ကစားသမားဟောင်း ဂိုဒင်သည် ကစားသမားဘဝမှအနားယူမည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၇ နှစ်ရှိ ခံစစ်ကစားသမား ဂိုဒင်သည် ပီလက်ဆာဖီးလ်အသင်းနှင့် လာမည့် ဒီဇင်ဘာလမှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းနှင့်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် ဇူလိုင် ၂၂ ရက်က အသင်းနှင့်နောက်ဆုံးပါဝင်ကစားခဲ့ပြီး ကစားသမားဘဝမှ အနားယူရန် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ဂိုဒင်သည် ၂၀၀၅ ခုနှစ်က ဥရုဂွေးကလပ် ဆာရီအသင်းနှင့် ကစားသမားဘဝစတင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် စပိန်ကလပ် ဗီလာရီးရဲလ်အသင်းသို့ပြောင်းရွှေ့ခဲ့ကာ ပြိုင်ပွဲစုံ ၁၀၆ ပွဲတွင် သွင်းဂိုး လေးဂိုးသွင်းယူခြေစွမ်းပြသနိုင်ခဲ့သဖြင့် ၂၀၁၀ ပြည့်နှစ်တွင် အေတီကိုအသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းတွင်ကိုးနှစ်ကြာကစားခဲ့ရာတွင် ယူရိုပါလိဂ်ဖလားနှစ်ကြိမ်၊ ကိုပါဒယ်ရေးဖလား တစ်ကြိမ်၊ စပိန်စူပါဖလားတစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါကလပ် သုံးကြိမ်ဆွတ်ခူးခဲ့ပြီး ကစားသမားဘဝအောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂိုဒင်သည် ဥရုဂွေးလက်ရွေးစင် အသင်းတွင်လည်း ပြိုင်ပွဲစုံ ၁၄၉ ပွဲကစားခဲ့ပြီး ပွဲအများဆုံးကစားထားသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကာ ကမ္ဘာ့ဖလားပြိုင်ပွဲလေးကြိမ်ထိ ပါဝင်ကစားခဲ့ကာ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းကိုစတုတ္ထနေရာရရှိအောင် အဓိကပါဝင်ကူညီနိုင်ခဲ့ကြောင်း သိရသည်။ ML

# မန်ယူအသင်းလူငယ်ကွင်းလယ်ကစားသမား ကိုဘီမိုင်နူး တံကောက်ကြောဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်

**မန်ချက်စတာ ဇူလိုင် ၂၉**

မန်ယူအသင်းလူငယ် ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် မန်ယူအသင်းတို့ကစားခဲ့သည့်ခြေစမ်းပွဲစဉ်တွင် ပြင်းထန်သည့်တံကောက်ကြောဒဏ်ရာရရှိခဲ့သည့်အတွက် ယခုနှစ်ကုန်ပိုင်းထိ ကာလရှည်အနားယူရမည်ဖြစ်ကြောင်း မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်း အကယ်ဒမီမှ ထွက်ပေါ်လာခဲ့သည့် လူငယ်ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးသည် ၂၀၂၂ ခုနှစ်က ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုခဲ့သူဖြစ်ပြီး လက်ရှိရာသီကြိုခြေစမ်းပွဲ ကာလတွင် နည်းပြတန်ဟတ်၏ ယုံကြည်မှုကြောင့် အသင်းကြီးနှင့်စတင်ပူးပေါင်းခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ကိုဘီမိုင်နူးသည် လက်ရှိမန်ယူအသင်း၏ရာသီကြိုခြေစမ်းပွဲခရီးစဉ်တွင် လက်စတာ၊ လိဒ်၊ လိုင်ယွန်၊ အာဆင်နယ်နှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ကစားခဲ့သည့် ပွဲစဉ်အားလုံးပါဝင်ခွင့်ရရှိခဲ့ပြီး အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင်အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီးနောက် နည်းပြတန်ဟတ်၏ချီးကျူးမှုကိုပင် ရယူနိုင်ခဲ့သူဖြစ်သည်။




ကိုဘီမိုင်နူးသည် လာမည့်ဘောလုံးရာသီ၌ မန်ယူအသင်း ကွင်းလယ်ပိုင်းတွင် ပါဝင်ခွင့်ရရှိဖွယ်ရှိနေသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းနှင့် ကစားခဲ့သည့် ခြေစမ်းပွဲစဉ်၏ ပွဲချိန် ခြောက်မိနစ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ပြီးနောက် ပွဲစဉ်အပြီးတွင်လည်း ချိုင်းထောက်အသုံးပြုပြီး ကွင်းအတွင်းမှ ထွက်ခွာခဲ့ရသည်။


ယခုအခါ ကိုဘီမိုင်နူး၏ တံကောက်ကြောဒဏ်ရာကို မန်ယူအသင်းဆေးအဖွဲ့က အသေးစိတ်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ၎င်းအနေဖြင့် ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန်အတွက် လာမည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလထိ အနားယူရမည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

STA

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် ဒဂုံစတားအသင်းက ရတနာပုံအက်ဖ်စီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ

**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ဒဂုံစတား အသင်းနှင့် ရတနာပုံအက်ဖ်စီ အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံ စတားအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။




အဆိုပါပွဲစဉ်တွင် ပွဲစကတည်း က နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြား မှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှု များဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၉ မိနစ်တွင် ရတနာပုံ အက်ဖ်စီအသင်းမှ နောင်နောင်စိုး က ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သည့် အတွက် ဒဂုံစတားအသင်းဦးဆောင် ဂိုးရရှိခဲ့ပြီး ပွဲချိန် ၃၈ မိနစ်တွင် မင်းမြတ်စိုးက ဒဂုံစတားအသင်း အတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူ နိုင်ခဲ့သောကြောင့် ပွဲချိန်ပထမပိုင်း အပြီးတွင် ဒဂုံစတားအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင် ရတနာပုံအက်ဖ်စီ အသင်းက ချေပဂိုးနှင့်အနိုင်ဂိုးများ အတွက် ပြန်လည်ဖိအားပေးတိုက် စစ်ဆင်ကစားပြီး ဒဂုံစတားအသင်း က အနိုင်ရလဒ်ထိန်းချုပ်ရန် ခံစစ် ပိုင်းအားဖြုကစားခဲ့ရာမှ ပွဲချိန် မိနစ် ၆၀ တွင် မိုးဆွေက ရတနာပုံ အက်ဖ်စီအသင်းအတွက် ချေပဂိုး တစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး လက်ကျန်ပွဲချိန် များတွင် နှစ်သင်းစလုံးဂိုးသွင်းခွင့် အချို့ရရှိခဲ့သော်လည်း အဆုံးသတ် ပိုင်း မသေချာမှုများကြောင့် ဂိုးသွင်း ယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပွဲပြီး ဆုံးချိန်တွင် ဒဂုံစတားအသင်းက ရတနာပုံအက်ဖ်စီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံးကစား သမားဆုကို ဒဂုံစတားအသင်းနှင့် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ သည့် တိုက်စစ်ကစားသမား ဆွမ်လမန်က ရရှိခဲ့ကြောင်း သိရသည်။

STA

# Evian Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို ဘောက်တီယာ ဦးဆောင်

**ပဲရစ် ဇူလိုင် ၂၉**

ပြင်သစ်နိုင်ငံ အီဗီယန်လက်စ် ဘိန်နစ်မြို့တွင် ကျင်းပနေသည့် Evian Championship ဂေါက်သီး ရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ပြင်သစ်ဂေါက်သီးရိုက်မယ် ဘောက် တီယာက စုစုပေါင်းသတ်မှတ်ရိုက် ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေ ကြောင်း GA သတင်းဌာနက ယနေ့ တွင် ဖော်ပြခဲ့သည်။

ထိုင်းဂေါက်သီးရိုက်မယ် တာဗာ တာနာကစ်နှင့် ဂျပန်ဂေါက်သီးရိုက် မယ် ဆာဆိုတို့ကစုစုပေါင်းသတ်မှတ် ရိုက်ချက်ထက် ခြောက်ချက်စီလျော့ ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည် နိုင်ခဲ့ကြသည်။

ဘောက်တီယာသည် ပထမနေ့ တွင် ရလဒ်ကောင်းရရှိရန် ရုန်းကန် ခဲ့ရသော်လည်းဒုတိယနေ့တွင် Bogeys ရိုက်ချက် နှစ်ကျင်းဖြစ်ခဲ့သော် လည်း Birdies ရိုက်ချက် လေးကျင်း ရခဲ့သည့်အတွက် အမှတ်ပေးဇယား ထိပ်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ပြင်သစ်နိုင်ငံတွင်ကျင်းပသည့် ပြိုင်ပွဲတစ်ရပ် ဖြစ်သည့်အတွက် ကြောင့် ပြင်သစ်ပရိသတ်များက ဘောက်တီယာအပေါ်တွင် ချန်ပီယံ ဆုအတွက် မျှော်လင့်ထားသော ကြောင့် ပြင်သစ်ပရိသတ် အမြောက်အမြားက ဘောက်တီယာ ကို လာရောက်အားပေးသွားခဲ့ ကြသည်။

ဘောက်တီယာ အနေဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေ သော်လည်း လက်ရှိချန်ပီယံဖြစ် သည့် ဟန်ဒါဆင်သည်လည်း ချန်ပီယံ လမ်းကြောင်းပေါ်တွင် ရှိနေဆဲဖြစ် သလို ပြိုင်ပွဲဝင်များကြားရိုက်ချက် ကွာဟမှု ကျဉ်းမြောင်းသည့်အတွက် နောက်ဆုံးနေ့ထိ အကြိတ်အနယ် ယှဉ်ပြိုင်ကစားရဖွယ်ရှိနေကြောင်း သိရသည်။

AZL

# 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကိုဟော့ဂျက်စ် ဦးဆောင်




**ဘလိန်း ဇူလိုင် ၂၉**

အမေရိကန်နိုင်ငံ မင်နီဆိုတာ ပြည်နယ်တွင် ကျင်းပနေသည့် 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲဒုတိယ နေ့အပြီးတွင် အမေရိကန်ဂေါက်သီး ရိုက်ကစားသမား ဟော့ဂျက်စ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေး ဇယားကို ဦးဆောင်နေကြောင်း The West သတင်းဌာနက ယနေ့ တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမားတစ်ဦးဖြစ်သည့် ဒွန်ကန် က စုစုပေါင်းသတ်မှတ်ရိုက်ချက် ထက် ၁၁ ချက်လျော့ရိုက်ကာအမှတ် ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိနေပြီး တစ်နိုင်ငံ တည်းသား ကစားသမားများဖြစ် ကြသည့် တိုနီဖီနော၊ စနီဒီကာ၊ စထရီမန်းနှင့်ပိုစ်တွန်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည် လျက်ရှိသည်။

ယခုနှစ် 3M Open ဂေါက်သီး ရိုက်ပြိုင်ပွဲ၏ထူးခြားမှုမှာ အမေ ရိကန်ဂေါက်သီးရိုက်ကစားသမား ခုနစ်ဦးက ချန်ပီယံလမ်းကြောင်း ပေါ်တွင် အကြိတ်အနယ်ဖြစ်နေပြီး အာဂျင်တီးနား ဂေါက်သီးရိုက် ကစားသမားဂရီလိုနှင့် ဂျပန် ဂေါက်သီးရိုက်ကစားသမား မက်ဆူ ယာမာတို့နှစ်ဦးက အမေရိကန် ဂေါက်သီးရိုက်ကစားသမားမဟုတ် သည့် ကစားသမားများအဖြစ် အမှတ်ပေးဇယား၏ အဆင့်(၁၀) အတွင်း ရပ်တည်လျက်ရှိနေသည်။

နာမည်ကြီး ဂေါက်သီးရိုက် ကစားသမားတစ်ဦးဖြစ်သည့် အမေ ရိကန်ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သောမတ်စ်မှာ ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမား စာရင်းတွင် ပါဝင်နေသော်လည်း ဒုတိယနေ့အပြီး စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက် နှစ်ချက်သာလျော့ ရိုက်ထားနိုင်သည့်အတွက် အမှတ်ပေး ဇယား၏ T90 နေရာတွင် ရပ်တည် နေသောကြောင့် ချန်ပီယံဆုကို မျှော်လင့်နိုင်ရန် အခွင့်အရေးမရှိ သလောက် အခြေအနေဖြစ်နေ ကြောင်း သိရသည်။

AZL

# အတ္တလန်တာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ တေလာဖရစ်ဇ် တက်ရောက်

**အတ္တလန်တာ ဇူလိုင် ၂၉**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာ ပြည်နယ် အတ္တလန်တာမြို့တွင် ကျင်းပနေသည့် အတ္တလန်တာ အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတား ဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန် တင်းနစ်ကစားသမား တေလာဖရစ်ဇ်နှင့် ဂျပန်တင်းနစ် ကစားသမားနီရှီခိုရီတို့ ယှဉ်ပြိုင် ကစားခဲ့ရာ တေလာဖရစ်ဇ်က (၆-၄၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိ ကာ ဆီမီးဖိုင်နယ်အဆင့်သို့တက် ရောက်ခဲ့ကြောင်း Ubitennis သတင်းဌာနက ယနေ့တွင် ဖော်ပြ ခဲ့သည်။

ပြိုင်ဘက်ဟောင်းနှစ်ယောက် ၂၀၁၉ ခုနှစ်နောက်ပိုင်း ပြန်လည် ဆုံတွေ့သည့်ပွဲစဉ်ဖြစ်ပြီး နီရှီခိုရီ အနေဖြင့် ပုံစံကောင်းမရသေးသည့် အတွက် တေလာဖရစ်ဇ်ကိုပြတ်သား သည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

တေလာဖရစ်ဇ်က "အတ္တလန် တာ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ တစ်ဆင့်ထက်တစ်ဆင့် ပိုကောင်း အောင် ကစားနိုင်ခဲ့တဲ့အပေါ် အားရကျေနပ်မိပါတယ်။ ကွာတား ဖိုင်နယ်အဆင့်မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းပိုင်းကြောင့် ကိုယ့်ကိုယ် ကိုယ် ယုံကြည်မှုပိုရှိလာပါတယ်။ နီရှီခိုရီအနေနဲ့ ဒီပွဲစဉ်မှာရှုံးနိမ့်ခဲ့ရ ပေမဲ့လဲ ကာလရှည်အနားယူခဲ့ရတဲ့ အခြေအနေကနေဒီလောက်ထိလုပ်ပြ နိုင်တာဟာ အပေါင်းလက္ခဏာ ဆောင်တဲ့ အခြေအနေတစ်ရပ်လဲ ဖြစ်ပါတယ်။ နီရှီခိုရီဟာတင်းနစ် လောကမှာ အထင်ကြီးစရာကောင်း တဲ့ရလဒ်တွေ ရယူထားပြီးဖြစ်ပါ တယ်။ ပုဂ္ဂိုလ်ရေးအရလဲလေးစားဖို့ ကောင်းတဲ့ ကစားသမားတစ်ယောက် ပါ။ နှစ်နှစ်လောက်တင်းနစ်လောက နဲ့ကင်းကွာခဲ့ရပေမဲ့လဲ တင်းနစ် လောကသို့ ပြန်ရောက်လာနိုင်တာ ဟာလဲ ဝမ်းသာစရာပါပဲ"ဟု ပြော ကြားခဲ့ကြောင်း သိရသည်။ AZL



# ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစား

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာ့ဖူဆယ်အားကစားအဆင့် အတန်းတိုးတက်မြင့်မားလာစေရန် ရည်ရွယ်ကျင်းပလျက်ရှိနေသည့် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်း ဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ယနေ့ နံနက် ၇ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား ကွင်း ဖူဆယ်အားကစားရုံ၌ ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြ ကြောင်း သိရသည်။

ဦးစွာနံနက်ပိုင်းက အမျိုးသား ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ စစ်ကိုင်း တိုင်းဒေသကြီးအသင်းက ကချင် ပြည်နယ်အသင်းကို ငါးဂိုး လေးဂိုး ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် အသင်းက နေပြည်တော်ကောင်စီ နယ်မြေအသင်းကို လေးဂိုး နှစ်ဂိုး ဖြင့် လည်းကောင်းအသီးသီးအနိုင် ရရှိခဲ့ကြပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်း ဒေသကြီး အမျိုးသား၊ အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များအဖြစ် ဇူလိုင် ၃၀ ရက် နံနက် ၇ နာရီမှစတင်ပြီး အမျိုးသမီး ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် မကွေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ပဲခူးတိုင်း ဒေသကြီးအသင်းနှင့်ရခိုင်ပြည်နယ် အသင်းတို့ ဆက်လက်ကစားသွား မည်ဖြစ်သည်။

ထို့ပြင် အမျိုးသားပြိုင်ပွဲ ဆီမီး ဖိုင်နယ်အဆင့် ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်း ဒေသကြီးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ဆက်လက် ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# ကာလဒါနမြောက်ဖို့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြပါစို့

❖ ဝါဆိုလသည် မြန်မာများအတွက် ထူးခြားမှုရှိသော လတစ်လပင်ဖြစ်သည်။ ထိုဝါဆိုလပြည့်နေ့သည် မြတ်စွာဘုရားရှင်နှင့်ပတ်သက်၍ ထူးခြားသောဖြစ်စဉ်လေးခုရှိခဲ့သည်။ ထိုဖြစ်စဉ်အကြောင်းအရာများကို သိရှိအောက်မေ့ပြီး သတိသံဝေဂများရရှိမည်ဆိုလျှင် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်နိုင်ကြမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် နေ့စဉ်ဘဝတွင်လည်း မင်္ဂလာတရားများနှင့်ပြည့်စုံလာမည်ဖြစ်သည်။ အထူးသဖြင့် ဝါတွင်းကာလတွင် မြတ်စွာဘုရားရှင်၏တပည့်ရဟန်းများအား ဝိနည်းနှင့်ညီသော သင်္ကန်းများဆက်ကပ်လှူဒါန်းခြင်းသည် လောကီ၊ လောကုတ္တရာ ကောင်းကျိုးနှစ်ဖြာရရှိမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ ❖

၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်သည် ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာနေ့)ဖြစ်သည်။ မကြာမီ ဝါဝင်တော့မည်ဖြစ်သည်။ ရဟန်းတော်များ ဝါဆိုဝါကပ်တော့မည်ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ရဟန်းတော်များအား ဝါဆိုဝါကပ်သည့်ကာလမှာ မိုးတွင်းကာလဖြစ်သည့်အတွက် ခရီးထွက်ခွာခြင်းမပြုရန်နှင့် မဖြစ်မနေ ခရီးထွက်ရမည့်ကိစ္စရှိလျှင်လည်း ဝါပန်၍သွားရောက်ရန် သိက္ခာပုဒ်များ ပညတ်တော်မူခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့သည် ဝါတွင်းကာလအတွင်း ရဟန်းတော်များ သင်္ကန်းဖြင့်မပင်ပန်းကြစေရန် သဒ္ဓါတရားထက်သန်စွာဖြင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းလေ့ရှိကြသည်။

**ထူးခြားလေးနက်**

ဝါဆိုလပြည့်နေ့တွင် ထူးခြားသောဖြစ်စဉ်ကြီးလေးခုရှိခဲ့သည်။ ထိုဝါဆိုလပြည့်နေ့၌ ဘုရားလောင်းပဋိသန္ဓေယူတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ ဘုရားဖြစ်ပြီးနောက် ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးဟောတော်မူခြင်းနှင့် သာဝတ္ထိပြည်ရှိ သရက်ဖြူပင်ရင်း၌ ဒိဋ္ဌိများအား တန်ခိုးပြာဋိဟာပြတော်မူခြင်းဆိုသည့် ထူးခြားသောလုပ်ရပ်များကိုလုပ်ဆောင်ခဲ့သည်။ မကြာမီအချိန်အတွင်း ဝါဝင်တော့မည်ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်၏ တပည့်ရဟန်းတော်များသည် မိမိတို့ သီတင်းသုံးနေထိုင်ရာကျောင်း၊ စာသင်တိုက်များတွင် ဝါဆိုကြရတော့မည်ဖြစ်သည်။ မြတ်စွာဘုရားရှင်၏သားတော်များဖြစ်သည့် ရဟန်းတော်များ ဝါတွင်းသုံးလတာကာလအတွင်း အဆင်ပြေစွာ သီတင်းသုံးနိုင်ရန်အတွက် ကျောင်း၊ သင်္ကန်း၊ ဆေး၊ ဆွမ်း ဟူသည့်လေးပါးသောပစ္စည်းတို့ကို တတ်နိုင်သမျှ လှူဒါန်းသွားသင့်ပါသည်။

**မိုးရေခံသင်္ကန်း**

အထူးသဖြင့် ဝါဆိုသင်္ကန်းအလှူကို ဝါမဝင်မီ လှူဒါန်းမှုပြုလုပ်သွားမည်ဆိုလျှင် သံဃာတော်များ ဝါတွင်းကာလ၌ သင်္ကန်းအတွက် ကြောင့်ကြမှုမဖြစ်နိုင်တော့ပေ။ ဝါဆိုလဆန်းတစ်ရက်နေ့မှသည်သီတင်းကျွတ်လပြည့်နေ့ထိလည်း ဝါဆိုသင်္ကန်းကို လှူဒါန်းနိုင်ကြသည်။ ဝါဆိုသင်္ကန်းကပ်ခြင်းဆိုသော အလှူဒါနသည် ဝိသာခါကျောင်းအမကြီး၏ ကျေးဇူးတရားကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဝိသာခါ ကျောင်းအမကြီးသည် သူလှူထားသော ပုဗ္ဗာရုံကျောင်းတိုက်ကြီးသို့ တစ်နေ့နှစ်ကြိမ် သွားလေ့ရှိ၏။ သွားသည့်အချိန်တိုင်းလည်း လှူဖွယ်ပစ္စည်းများပါသွားလေ့ရှိ၏။ ထို့ကြောင့် ကိုရင်ငယ်လေးများသည် ကျောင်းအမကြီးလာတိုင်း လက်ထဲမှာဘာများပါသလဲဟူ၍ကြည့်တတ်ကြသည်။ ယခုအကြိမ် ဝိသာခါကျောင်းအမကြီး ကျောင်းတိုက်သို့ ရောက်ရှိသောကာလသည် ဝါဆိုလဖြစ်သည်။ ကျောင်းအမကြီးသည် မြတ်စွာဘုရားထံ တရားနာပြီး ဘုရားအမှူးပြုသော သံဃာတော်များအား နောက်တစ်နေ့တွင် အိမ်သို့ဆွမ်းစားကြွရန် ပင့်ဖိတ်လျှောက်ထားခဲ့ပါသည်။

နောက်တစ်နေ့တွင် ကျွန်းကြီးလေးကျွန်းလုံးမှာ မိုးကြီးသဲသဲမဲမဲရွာချခဲ့သည်။ ဘုရားရှင်၏ခွင့်ပြုချက်အရ ရဟန်းတော်များသည် သင်္ကန်း(ရေသနုပ်)မပါဘဲ ရေချိုးနေကြ၏။ ထိုအခြင်းအရာကို ဆွမ်းစားလာပင့်သည့် ဝိသာခါ၏တပည့်မ တွေ့သွားပြီး တက္ကတွန်းများဟုထင်မိခဲ့ပါ၏။ ပညာနှင့်ပြည့်စုံသူ ဝိသာခါကျောင်းအမကြီးက မြတ်စွာဘုရားရှင်၏ တပည့်ရဟန်းတော်များဖြစ်မည်ကို သိရှိခဲ့သည်။ ဘုရားအမှူးပြုသော ရဟန်းများကြွချီလာသည့် လမ်းမတစ်လျှောက်တွင် မိုးရေများလွှမ်းနေသော်လည်း ဘုရားနှင့်သံဃာတော်များတွင်မူ ရေတစ်စက်မျှစိုမနေခြင်းကြောင့် ကျောင်းအမကြီး အံ့သြကြည်ညိုမှု ပိုမိုဖြစ်ပွားခဲ့ရသည်။ ဝိသာခါကျောင်းအမကြီးသည် ဆွမ်းအလှူအတွက် ဆုလာဘ်ရှစ်မျိုးကို တောင်းခံခဲ့သည်။ ထိုဆုလာဘ်ရှစ်မျိုးတွင် ရဟန်းတော်များအား "မိုးရေခံသင်္ကန်း" လှူဒါန်းခွင့်လျှောက်ထားခဲ့ရာ မြတ်စွာဘုရားရှင်ကလည်း မိုးရေခံသင်္ကန်းအလှူခံသုံးစွဲခွင့်ကို ဝိနည်းသိက္ခာပုဒ်ပညတ်၍ သုံးစွဲရမည့်ကာလနှင့် အတိုင်းအတာအရွယ်အစား ပမာဏတို့ကို ခွင့်ပြုပေးတော်မူခဲ့သည်။

**ဝါဆိုသင်္ကန်း**

မိုးရေချိုးသောအခါတွင် အသုံးပြုရန် မိုးရေခံသင်္ကန်း လှူဒါန်းခဲ့ကြသော်လည်း နောင်တွင် မိုးရာသီဖြစ်သော ဝါတွင်းသုံးလတွင် ဝါဆိုဝါကပ်တော်မူကြသော ရဟန်းတော်တို့အား လှူဒါန်းကြသည့်အတွက် "ဝါဆိုသင်္ကန်း" ဟုပြောင်းလဲခေါ်ဝေါ် သုံးစွဲလာကြသည်။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ ဆယ့်နှစ်ရာသီပွဲတော်များတွင် ထုံးတမ်းအစဉ်အလာတစ်ရပ်အနေဖြင့် တည်ရှိလာခဲ့သည်။

**မှန်မြတ်သောအလှူဒါန**

ဝိနည်းတရားတော်နှင့်အညီ လှူဒါန်းခွင့်ရရှိခြင်း၊ ကာလဒါနဖြစ်ခြင်းတို့ကြောင့် မှန်မြတ်သည့်အလှူဒါနဟု ခေါ်ဆိုနိုင်ပေသည်။ မြတ်စွာဘုရားရှင်သည် ရဟန်းတော်များအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသည့် လေးပါးသောပစ္စည်းတို့ကို လှူဒါန်းခွင့်ပြုတော်မူထားသည်။ ထို့ကြောင့် ဝါတွင်းကာလအတွင်း ရဟန်းတော်များ သင်္ကန်းဖြင့် မပင်ပန်းကြစေရန် လှူဒါန်းခြင်းဖြစ်သည့်အတွက် ဝါဆိုသင်္ကန်းလှူဒါန်းကြရသူများအနေဖြင့် သင်္ကန်း၏အဓိကအကျိုးဖြစ်သော "အဆင်းလှခြင်း" အကျိုးကို ကေန်ရရှိမည်ဖြစ်သည်။ ထို့ပြင် သံသရာမှမလွတ်မြောက်သေးမီ ဘဝအဆက်ဆက်တွင်လည်း-

> "ရွှေသို့အဆင်း၊ မြူကြေးကင်း၍
> ရောင်ဝင်းထိန်ပ၊ နူးညံ့ရ၏
> မကသိန်းဖိုး၊ ပုဆိုးရလေ
> ညိုရွှေ ဖြူနီ၊ ဤရှစ်လီသည်
> ကျမ်းညီသင်္ကန်း၊ လှူကျိုးတည်း" ဆိုသည့် သင်္ကန်း

အကျိုးရှစ်မျိုးကိုလည်း ရရှိနိုင်ကြောင်းကို ကျမ်းဂန်စာပေများတွင် ဖော်ပြထားသည်ကို ဖတ်မှတ်ရသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဝါဆိုချိန်ရောက်ရှိတိုင်း ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းတို့ကို အစဉ်အမြဲ လှူဒါန်းကြသည့် ကာလဒါနကုသိုလ်ဖြစ်ခြင်းကြောင့် "သောတပန်နှယ်၊ ဂုဏ်ရည်ကြွယ်၍၊ လေးဝပါယ်ဘေး၊ လွတ်ကင်းဝေး"နိုင်ကြောင်းကိုလည်း ကျမ်းဂန်အဆိုအမိန့်များအရ သိရသည်။

**အကျိုးရှိအောင်လှူသင့်**

အလှူရှင်၊ လှူဖွယ်ပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်သုံးဦး၊ သုံးဖလှယ်တွင် သတ်မှတ်အရည်အချင်း၊ သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံနေမည်ဆိုလျှင် ထိုလှူဒါန်းမှုအတွက် အကျိုးပေးသည်၊ အတိုင်းထက် အလွန်ပင်ဖြစ်သည်။ အလှူရှင်သည် လယ်စိုက်သူနှင့်တူပြီး လှူဖွယ်ပစ္စည်းသည် မျိုးစေ့နှင့်တူညီမှုရှိသည်။ ထို့အတူ အလှူခံပုဂ္ဂိုလ်သည် လယ်ကွက်နှင့် အလားသဏ္ဌာန်တူညီသည်။ လယ်စိုက်သူအလှူရှင်သည် ကြိုးပမ်းအားထုတ်မှုများ မည်မျှပင်ရှိနေစေကာမူ လှူဖွယ်ပစ္စည်းဖြစ်သည့်မျိုးစေ့သည် ညံ့ဖျင်းနေသည့်အပြင် အလှူခံပုဂ္ဂိုလ်ဖြစ်သော လယ်ကွက်တွင်လည်း မြေဆီလွှာညံ့ဖျင်းနေပါက အထွက်နှုန်းကောင်းနိုင်မည်မဟုတ်ချေ။

ထို့အတူ လယ်စိုက်သူအလှူရှင်၏ အားထုတ်မှုနှင့် လှူဖွယ်ပစ္စည်းမျိုးစေ့တို့ မည်မျှပင်ကောင်းမွန်နေစေကာမူ အလှူခံပုဂ္ဂိုလ်ဖြစ်သည့် လယ်ကွက်သည် သီလဂုဏ်၊ ပညာဂုဏ်၊ သမာဓိဂုဏ်ဟု ခေါ်ဆိုသော မြေဆီလွှာများမရှိပါက ထိုအလှူသည် အကျိုးကြီးမားစွာဖြစ်ထွန်းနိုင်ခြင်း မရှိချေ။ အလှူခံပုဂ္ဂိုလ်ဖြစ်သည့် လယ်ယာမြေသည် သီလဂုဏ်၊ ပညာဂုဏ်၊ သမာဓိဂုဏ်များဖြစ်သည့် မြေဆီလွှာများမည်မျှပင်ပြည့်စုံနေစေကာမူ လယ်စိုက်သူအလှူရှင်၏ စေတနာသုံးတန်ပြတ်သားမှုနှင့်မျိုးစေ့ဟုခေါ်ဆိုသည့် လှူဖွယ်ပစ္စည်းများ၏သန့်ရှင်းမှုတို့မရှိလျှင်လည်း ထိုအလှူအတွက် အကျိုးတရားသည် ကုန်ကျသလောက် ရရှိခံစားနိုင်ခြင်းမရှိချေ။

**ကာလဒါနမြောက်ဖို့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြပါစို့**

ထို့ကြောင့် မြတ်စွာဘုရားရှင်၏ တပည့်ရဟန်းတော်များ ဝါတွင်းကာလအတွင်း ကြောင့်ကြမဲ့စွာ သီတင်းသုံးနိုင်ရန်အတွက် မိမိတို့စုဆောင်းထားသော ချွေးနဲ့စာများအနက် တတ်နိုင်သမျှ လှူဒါန်းမှုပြုလုပ်သွားသင့်သည်။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကြီးမားသောဆရာတော်ကြီးများကို စေတနာသုံးတန်ပြတ်သားစွာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမှု ပြုလုပ်သွားမည်ဆိုလျှင် အလှူရှင်နှင့် အလှူခံပုဂ္ဂိုလ်နှစ်ဦးစလုံးကို များစွာအကျိုးဖြစ်ထွန်းစေမည်မှာ အမှန်ပင်ဖြစ်သည်။

ဆိုရလျှင် ဝါဆိုလသည် မြန်မာများအတွက် ထူးခြားမှုရှိသော လတစ်လပင်ဖြစ်သည်။ ထို ဝါဆိုလပြည့်နေ့သည် မြတ်စွာဘုရားရှင်နှင့်ပတ်သက်၍ ထူးခြားသော ဖြစ်စဉ်လေးခုရှိခဲ့သည်။ ထိုဖြစ်စဉ်အကြောင်းအရာများကို သိရှိအောက်မေ့ပြီး သတိသံဝေဂများရရှိမည်ဆိုလျှင် မကောင်းမှုရှောင်၊ ကောင်းမှုဆောင်နိုင်ကြမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် နေ့စဉ်ဘဝတွင်လည်း မင်္ဂလာတရားများနှင့် ပြည့်စုံလာမည်ဖြစ်သည်။ အထူးသဖြင့် ဝါတွင်းကာလတွင် မြတ်စွာဘုရားရှင်၏ တပည့်ရဟန်းများအား ဝိနည်းနှင့်ညီသော သင်္ကန်းများဆက်ကပ်လှူဒါန်းခြင်းသည် လောကီ၊ လောကုတ် ကောင်းကျိုးနှစ်ဖြာ ရရှိမည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်သည်။ အနာဂတ်ကို ကြိုတင်မမြင်နိုင်သော လူ့ဘဝ၌ ရှာဖွေစုဆောင်းထားသော ချွေးနဲ့စာများမှဖဲ့၍ ဘုရား၏တပည့်ရဟန်းတော်များကို စေတနာသုံးတန်ပြတ်သားစွာဖြင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ကွတ်ခိုင်မြို့နယ် မန်ဘန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွတ်ခိုင် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ဘန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဈေးဦးစွာ ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များအနေဖြင့် မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရာ၌ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၅၉၀လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်နှင့်တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မန်ဘန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့်အခြား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူ ၄၉ ဦးကို သတ္တမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ မလေးရှားပိတောက်သားဖြင့်ထုလုပ်ထားသော လာဘ်ခေါ်တောင်ဆိတ်ရုပ်များ ဝင်ရောက်လာ



**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ မလေးရှားပိတောက်သားဖြင့် ထုလုပ်ထားသော လာဘ်ခေါ် တောင်ဆိတ်ရုပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်း ဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ မလေးရှားပိတောက်သားဖြင့် ထုလုပ်ထားသည့် လာဘ်ခေါ် တောင်ဆိတ်ရုပ်များမှာ ပဲခူးတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ငွေပြားနင်း၊ ငွေပြားဆွဲ ရွှေတုံးပါ၊ ရွှေထုပ်ပါ လာဘ်ခေါ်တောင်ဆိတ်ရုပ်များဖြစ်ကြောင်း သိရသည်။

“ဒီလကုန်ခါနီးမှ အသစ်ဝင်လာတဲ့ ပန်းပုရုပ်တွေဖြစ်ပါတယ်။ ခရီးသွားတွေ အဓိကစိတ်ဝင်စားဖွယ်ဖြစ်ပါတယ်။ အရွယ်အစားကတော့ အလျား ခုနစ်လက်မ၊ အမြင့် ၁၀ လက်မနဲ့ ဒု လေးလက်မရှိပါတယ်။ ရွှေထုပ်ပေါ်မှာ ရွှေတုံးနဲ့ ငွေဒင်္ဂါးပြားတွေနင်းထားပြီးတော့ ငွေဒင်္ဂါးပြားကိုက်ချီထားတဲ့ လာဘ်ခေါ်တောင်ဆိတ်ရုပ်ဖြစ်ပါတယ်”ဟု တော်ဝင်မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ တောင်ဆိတ်ရုပ်တစ်ရုပ်လျှင် ငွေကျပ် နှစ်သိန်းခန့် ဖြစ်ကြောင်း သိရသည်။ ASH

# The Kill Room ဟာသဇာတ်ကားကို စက်တင်ဘာ ၂၉ ရက်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် ဇူလိုင် ၂၉**

The Kill Room အမည်ရှိ လျှို့ဝှက်သည်းဖို ဟာသဇာတ်ကားကို ယခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ရုံတင်ပြသရန် Shout ! Studio ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ဆမ်မြူရယ်အယ်ဂျက်ဆင်နှင့် အူမာသာမင်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

The Kill Room ဇာတ်ကားသည် ငွေကြေးခဝါချမှုပြဿနာတစ်ရပ်၌ ကြေးစားလူသတ်သမားတစ်ဦးနှင့်အတူ ပါဝင်ပတ်သက်မိခဲ့ရသည့် ပန်းချီကားကုန်သည်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

မင်းသား ဆမ်မြူရယ်အယ်ဂျက်ဆင်နှင့် အူမာသာမင်တို့သည် နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် The Kill Room ဇာတ်ကား၌ အတူတကွသရုပ်ဆောင်ထားခြင်းဖြစ်ပြီး The Kill Room ဇာတ်ကားကို ဒါရိုက်တာ နစ်ကိုးပါအိုနီက ရိုက်ကူးပေးထားပြီး ဂျိုနာသန်ဂျက်ကော့ဆင်က ဇာတ်ညွှန်း ရေးသားပေးထားကြောင်း သိရသည်။ KKO



# ဗဟန်းမြို့နယ်ရှိ Mandalay Art Gallery တွင် သရုပ်ဆောင်နှင့် ပန်းချီဆရာ ခိုင်တင် ကွယ်လွန်ခြင်းနှစ်နှစ်ပြည့်အမှတ်တရပန်းချီပြပွဲပြသမည်

**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ Mandalay Art Gallery တွင် သရုပ်ဆောင်နှင့် ပန်းချီဆရာ ခိုင်တင် ကွယ်လွန်ခြင်း နှစ်နှစ်ပြည့် အမှတ်တရပန်းချီပြပွဲပြသသွားမည်ဖြစ်ကြောင်း အဆိုပါ Mandalay Art Gallery ပန်းချီပြခန်းမှ သိရသည်။

သရုပ်ဆောင်နှင့် ပန်းချီဆရာ ခိုင်တင် ကွယ်လွန်ခြင်းနှစ်နှစ်ပြည့် အမှတ်တရပန်းချီပြပွဲကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၂ ရက်ထိ Mandalay Art Gallery ပန်းချီပြခန်းတွင် ပြသသွားမည်ဖြစ်ပြီး ပန်းချီဆရာ ခိုင်တင် ရေးဆွဲခဲ့သော ဆီဆေးပန်းချီကား ၇၀ ကျော်ကို ပြသ ရောင်းချပေးမည်ဖြစ်သည့် အပြင် ပန်းချီဆရာ ခိုင်တင် ရေးဆွဲခဲ့သောရုပ်ပြစာအုပ်များနှင့် မူရင်းရုပ်ပြဒီဇိုင်းများကိုလည်း ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

“ဦးခိုင်တင် ကွယ်လွန်သွားတာ ဇူလိုင် ၃၀ ရက်ဆိုရင် နှစ်နှစ်ပြည့်ပြီပေါ့။ လူတော်တော်များများက ဦးခိုင်တင်ကို သရုပ်ဆောင်အနေနဲ့ သိကြပေမဲ့ သူ့ရဲ့မူလအသက်မွေးဝမ်းကျောင်းက ပန်းချီရုပ်ပြသမားတစ်ယောက်ပါ။ ဦးခိုင်တင်က ၁၉၈၀ ပြည့်နှစ်လောက်ကနေ ၁၉၉၂ ခုနှစ်လောက်ထိ အလွန်အောင်မြင်ကျော်ကြားတဲ့ ရုပ်ပြပန်းချီဆရာတစ်ယောက် ဖြစ်ခဲ့ပါတယ်။ အောင်မြင်ထင်ရှားတဲ့ ရုပ်ပြစာအုပ်ပေါင်း ၁၅၀ ကျော်ကိုလဲ ရေးဆွဲခဲ့သူဖြစ်ပါတယ်။ ၁၉၉၃ ခုနှစ်နောက်ပိုင်းမှာ ရုပ်ရှင်သရုပ်ဆောင်လောကထဲ ရောက်သွားပြီးတော့ ၂၀၁၃ ခုနှစ်နောက်ပိုင်းမှာ ကျန်းမာရေးအရ အနားယူခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဇူလိုင် ၃၀ ရက်မှာ ကိုဗစ်ရောဂါနဲ့ ကွယ်လွန်ခဲ့တာဖြစ်ပါတယ်”ဟု Mandalay Art Gallery ပန်းချီပြခန်း တာဝန်ခံ ပန်းချီ ကိုလှထွဏ်းအောင်က ပြောပြသည်။ ASH




# Barbie ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ သန်း ၅၀၀ ကျော်လွန်သွားပြီဖြစ်

**နယူးယောက် ဇူလိုင် ၂၉**

ဝါနာဘရားသား ကုမ္ပဏီ၏ Barbie ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်လွန်သွားပြီဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

Barbie ဇာတ်ကားသည် ရုံတင်ပြီး သီတင်းတစ်ပတ်မပြည့်မီမှာပင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်လွန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဇူလိုင် ၂၆ ရက်က အမေရိကန်ဒေါ်လာ ၅၂၈ ဒသမ ၆ သန်းထိရှိလာသည်။

ဝါနာဘရားသားကုမ္ပဏီသည် Barbie ဇာတ်ကားကို ဇူလိုင် ၂၁ ရက်က စတင်ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် လက်ရှိဝင်ငွေအနေအထားနှင့် ပရိသတ်အားပေးမှုအရ Barbie ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရှိသည့် ဟောလိဝုဒ်ဇာတ်ကားများစာရင်း၌ ပါဝင်လာနိုင်ကြောင်း သိရသည်။

Barbie ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ဂရီတာဂျားဝစ်က တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသမီး မာဂေါ့ရော့ဘီနှင့် မင်းသား ရှိုင်ယန်ဂိုးစလင်းတို့ ဦးဆောင်ပါဝင်ထားကြောင်း သိရသည်။

KKO




# မိုးမိတ်မြို့နယ် ပသင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုးမိတ် ဇူလိုင် ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပသင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်နှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ပသင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

မိုးမိတ်မြို့နယ် ပသင်ကျေးရွာ၌ အရှည် ပေ ၃၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၁၆၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် မြန်မာရွှေလီဦးကုမ္ပဏီက ယခုနှစ် ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ပြီးစီးပါက ပသင်ကျေးရွာရှိ အိမ်ခြေ ၁၆၉ အိမ်၏ စိုက်ပျိုးမြေဧက ၁၀၀ ကျော်မှ ထွက်ရှိသော လယ်ယာထုတ်ကုန်၊ ထွက်ကုန်များဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# Progress in erecting Maravijaya Buddha Image, which will become the tallest stone Buddha Statue in seated posture in the world, explained



Senior General Min Aung Hlaing gives briefing on progress in the construction of the Maravijaya Buddha Image.

**Nay Pyi Taw July 29**

A ceremony to explain the progress in erecting the Maravijaya Buddha Image, which will become the tallest stone Buddha Statue in seated posture in the world, in Dekkhinathiri Township, Nay Pyi Taw, Union Territory, was held this morning.

Present were Chief of General Staff (Army, Navy and Air) General Maung Maung Aye, union ministers, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, officials, donors and honoured guests.



Senior General Min Aung Hlaing accepts cash donation.



Senior General Min Aung Hlaing accepts cash donation.

As regards the purpose of erecting the Image, Chairman of State Administration Council Prime Minister Senior General Min Aung Hlaing explained the construction of Abhayaraja Muni Buddha Image in Buddha Park near Pankwe village, Kengtung in 2018 for peace and perpetuation of Shan State (East), and to increase the number of pilgrims and visitors followed by generation of job opportunities and socioeconomic development, systematic and stage-by-stage excavation of huge boulders that would be carved into Maravijaya Buddha Image, the design of the Image which is the Yadanabon era Bhumiphassa posture, conveyance of the parts of the Image and the Throne in different phases by water vessels and by road amidst many difficulties, setting of the world records of heaviest conveyance in waterway and road transport, phase-by-phase implementation of Maravijaya Buddha Park project, Ovada sought from State Sangha Maha Nayaka Sayadaws for the comprehensive inclusion of pagodas, temples, lake, ordination hall, rest houses, bridges and park in building the Image and the Park, application of modern machines in inscribing the Sixth Buddhist Synod version of Pali and Romanized Pitaka treatises on stone tablets as a centre for learning the treatises in accord with the counsel of Oavadacarira Sayadaws, building of Mucalinda Nagayon Buddha Image in accord with the Buddhist treatises, rules and records and the counsel of Oavadacarira Sayadaws, publishing of Pali and Romanized Pitaka treatises for distribution to monasteries of world countries and recording them in tablets.



Senior General Min Aung Hlaing explains the scale models of the Maravijaya Buddha Image and Park.

The Senior General also explained the straightening of a stream channel in Maravijaya Park and building of a replica of Mingala Bridge in Mandalay Palace, construction of Vijaya Bhumi Nimmana victory circle in the facing direction of the Maravijaya Buddha Image, systematic calculations for the sustainability of the Image, part-by-part connection of the Throne, construction of fountain square and circular fountains, progress records of the Park construction project, construction of Thudhamma rest houses for pilgrims, part-by-part CNC carving of the Image, construction of Maravijaya Temple and Mucalinda Lake and planting of kyee trees, progress in building Mucalinda Lake, part-by-part connection of the Image, progress in construction of pagodas accommodating stone slabs on which Pitaka treatises are inscribed in Pali and Romanized Language for pilgrims to study them, success in conveying and erecting the connected parts 1,2 and 3 of the Image by Myanmar Engineering Council and *See Page 13*



Senior General Min Aung Hlaing and attendees go round in the Buddha Park.



Senior General Min Aung Hlaing and attendees go round in a religious hall.

*From Page 12*

the Military Engineers by using advanced machinery, ceremonies to enshrine sacred objects and valuable jewellery donated by people all over the country in the reliquaries on the Yadana Throne, stage-by-stage conveyance of the parts of the Image, construction of 296 feet long, 213 feet wide and 94 feet high Sasana Beikman Aggadhipati Visongama Ordination Hall where 900 monks and 1200 laypersons can organize grand religious ceremonies, coating of the Image and installation of the holy single strand of hair between two eyebrows of the Image.

State of finishing touches and robe painting work, systematic measurement and use of modem techniques in construction to bear natural disasters including strong winds and earthquakes for long-term durability of the Buddha Image, step-by-step progress in construction of the Buddha Image, building the platform and special chambers, installation of escalator for convenience of the elderly, planting of Bo trees, sandbox and Sal trees, progress of building water fountain platform and stone inscription chambers, preparedness for holding the ceremony to consecrate the Buddha Image and state of the Buddha Image upon completion of the construction. He also said ceremonies to consecrate the Buddha Image, hoist the umbrellas atop the stone inscription stupas and share merits will take place at state-level on August 1, 2023 (second full moon day of Waso (Dhammacakka Day), 1385 Myanmar Era).

Afterwards, the attendees made cash donations for the Buddha Image which the Senior General and officials accepted. A total of 274 well-wishers at home and abroad donated Ks- 5.05 billion (over Ks- 5000 million), USD 23,000 and 100,000 in Thai baht at today's ceremony.

In his words of thanks to the donors, the Senior General said well-wishers who made donations from the start of donating the giant marble stone that will become the Buddha Image to its consecrating ceremony are the founders of making merits. The donation made now is a merit for all. Despite being over 160 years old, the stone inscriptions at Kuthodaw Pagoda built by King Mindon have not deteriorated yet. Similarly the ancient pagodas in Bagan have existed so far. The Maravijaya Buddha Image will exist and endure for many years in the future and it is believed that the Buddha Image will exist in the successive eras of future generations. Therefore, donations made at present are worthy merits. Rejoicing and blessings are given to those who made such donations at the ceremony today wishing them happiness and health.

Then, the attendees viewed round the scale models of the Buddha Image and park, Pitakat treatises printed in Pali language and Romanized language and tablet records. The Senior General made a further explanation on the Buddha Image.

Later, the attendees took a tour of the Buddha Image and Park and paid homage to the Buddha Image. During the tour, officials briefed them on the Buddha Image and Park. 100

# More than 460 small-scale industries registered, more than 330 industries revoked within three month

**Nay Pyi Taw July 29**

The Ministry of Agriculture, Livestock and Irrigation recently stated that it allowed registration of more than 460 small-scale industries and revoked standing of more than 330 similar industries from April to June of the 2023-24 financial year.

The ministry gives services of research centres and laboratories for products of these industries so as to improve their businesses.

In this regard, various kinds of industries take registration at the ministry monthly but some industries are cancelled from the registration list due to various reasons.

In the 2022-23 FY, the ministry allowed registration of 510 small-scale industries but 100 other industries were candelled from the registration list. So far, a total of 19,401 small-scale industries are operating their businesses and manufacturing functions with registration at the end of 2022-23 FY.

In 2023-24 FY, the ministry allowed registration of 13 small-scale industries and cancelled 313 industries in April, allowed registration for 227 small-scale industries and cancellation for 22 industries in May and registration for 223 industries and cancellation for three in June.

As such, the ministry registered 463 industries from April to June and revoked 338 industries. Hence, a total of 19,526 small-scale industries are operating manufacturing till June 2023. 336

# Nine killed in Thailand fireworks warehouse explosion

**Bangkok July 29**

At least nine people have been killed, including three children, in a blast at a fireworks warehouse in a market in southern Thailand on Saturday.

The explosion in Sungai Kolok, on the Malaysian border, seriously injured at least 115 people and is thought to have been caused by construction work.

Residents described hearing a huge explosion at around 15:00 (09:00 BST).

The force shook buildings, shattered windows and collapsed rooves, sending a massive plume of smoke into the air.

The explosion has also destroyed a large part of the town in Narathiwat province.

The market fire has been brought under control and a preliminary investigation indicates a "technical error" in steel welding during construction work on the building was responsible, local governor Sanon Pongaksorn said. BBC

# Around 200 viss of sea cuttlefish go from Pyapon Township to Yangon daily

**Pyapon July 29**

Pyapon Township in Ayeyawady Region sells about 150 to 200 viss of seawater cuttlefish to Yangon City a day, said Daw Yi Yi Maw, a local marine product dealer.

In May and June, only about 50 to 100 viss went to Yangon daily, but the amount has increased since 1 July.

"Now, seawater cuttle fish are being caught and sold in large amounts. Previously, a maximum of 100 viss went to the city a day. Now, we are transporting up to 200 viss a day. The price is the same as ever. A cuttlefish is worth K24,500. Those fish from Pyapon Township mainly go to Yangon," Daw Yi Yi Maw said.

Sea cuttlefish caught from the township go to Yangon after being cleaned. The fish are also exported to China and Thailand via Yangon.

As cuttlefish prices are good, dealers and workers alike are earning good income.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အိန္ဒိယနိုင်ငံက တာဝေးပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ပြည်တွင်း၌တီထွင်ထုတ်လုပ်လျက်ရှိ



အိန္ဒိယနိုင်ငံသည် စစ်မှုရေးရာများတွင် ကိုယ့်ကိုယ်ကိုယ် မှီခိုအားထားရန် ကြိုးပမ်းနေချိန်တွင် တရုတ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့နှင့် ယှဉ်နိုင်ရန်အတွက် S-400 ဒုံးကျည်စနစ်ကို ပြည်တွင်း၌ထုတ်လုပ်နိုင်ရေးအာရုံစိုက်ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ဇူလိုင် ၂၇ ရက်က ANI သတင်းဌာနတွင် ရေးသားဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် ကီလိုမီတာ ၄၀၀ (၂၄၈ မိုင်) အကွာအဝေးတွင် ရန်သူလေယာဉ်များနှင့်ဒုံးကျည်များကို ပျက်ပြယ်၊ တုံ့ပြန်စေနိုင်မည့် ပြည်တွင်းထုတ် လေကြောင်းရန် ကာကွယ်ရေးစနစ်တစ်ခု တီထွင်ထုတ်လုပ်နိုင်ရန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ကြိုးပမ်း လုပ်ဆောင်လျက်ရှိသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရင်းမြစ်များကိုကိုးကား၍ ANI သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ယခုအချိန်တွင် အိန္ဒိယနှင့် တရုတ်နှစ်နိုင်ငံစလုံးတွင် ရုရှားနိုင်ငံက ပံ့ပိုးပေးထားသော အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးစနစ် S-400 ကို ပိုင်ဆိုင်ထားကြသည်။

အိန္ဒိယနိုင်ငံက တီထွင်ထုတ်လုပ်လျက်ရှိသည့် အလွှာသုံးလွှာ တာဝေးပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ် (LRSAM)သည် အကွာအဝေး ကီလိုမီတာ ၄၀၀ အတွင်း ရန်သူလေယာဉ်များနှင့် ဒုံးကျည်များကို ချေမှုန်းနိုင်စွမ်းရှိကြောင်း အစီရင်ခံစာက ဆိုသည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနသည် အဆိုပါ တာဝေးပစ်လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စီမံကိန်းအတွက် မကြာမီရှင်းလင်းချက်ထုတ်ပြန်ပေးဖွယ်ရှိကြောင်း သိရသည်။

အကယ်၍ အောင်မြင်စွာအကောင်အထည်ဖော်မည်ဆိုပါက အိန္ဒိယနိုင်ငံသည် ရန်သူလေကြောင်းခြိမ်းခြောက်မှုများကို တာဝေးအကွာအဝေးမှ တုံ့ပြန်ဖျက်ဆီးနိုင်စွမ်းရှိသည့် အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ ပြင်သစ်၊ အစ္စရေးနှင့် တရုတ်တို့ကဲ့သို့သော ထိပ်တန်းနိုင်ငံများစာရင်း ဝင်သွားလိမ့်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏ပိုင်နက်နယ်နိမိတ်ကို ပိုမိုခိုင်ခံ့စေရန်အတွက် ဗျူဟာမြောက်လေးယားစွမ်းအင်ပိုင် အိမ်နီးချင်းများဖြစ်သည့် ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့နှင့် ယှဉ်နိုင်စွမ်းရှိရန် LRSAM လေကြောင်းရန် ကာကွယ်ရေးစနစ်ကို ထုတ်လုပ်အသုံးပြုသွားနိုင်ရေး ကြိုးပမ်းနေခြင်းလည်းဖြစ်သည်။

ပြည်တွင်းတီထွင်ထုတ်လုပ်မည့် ဒုံးကျည်စနစ်မှ အဆိုပြုထားသည့် အလွှာသုံးလွှာ ကာကွယ်နိုင်စွမ်းရှိမည့် မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်အမျိုးအစား သုံးမျိုးသည် အကွာအဝေး၊ အလျင်နှုန်းနှင့်တိကျမှုအမျိုးမျိုးတို့ဖြင့် ဝင်ရောက်လာနိုင်သည့် ရန်သူပစ်မှတ်များကို တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းရှိစေမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ၏ ဖိအားပေးမှုများရှိနေသော်လည်း ရုရှားနိုင်ငံသည် S-400 တာဝေးပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်ကာကွယ်ရေးစနစ်များကို အိန္ဒိယနိုင်ငံသို့ လွှဲပြောင်းပေးအပ်ပြီးနောက် တစ်နှစ်ခွဲအတွင်း ယခုကဲ့သို့ တိုးတက်ဖွံ့ဖြိုးလာခြင်းလည်းဖြစ်သည်။

ရုရှားနိုင်ငံမှ Rosoboronexport ကုမ္ပဏီ၏ CEO ဖြစ်သူ Alexander Mikheyev က ကုမ္ပဏီအနေဖြင့် အိန္ဒိယသို့ S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်များ ဝယ်ယူရေးစာချုပ်ကို အောင်မြင်စွာအကောင်အထည်ဖော်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိကြောင်း TASSသတင်းဌာနသို့ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှရောက်ရှိလာသောပထမဆုံး S-400 လက်နက်စနစ်ကို နိုင်ငံအနောက်မြောက်ပိုင်း ပန်ဂျပ်ပြည်နယ်တွင် တရုတ်နှင့် ပါကစ္စတန်တို့ထံမှ လေကြောင်းခြိမ်းခြောက်မှုများအတွက် ကြိုတင်ဖြန့်ကြက်ထားကြောင်း သိရသည်။

ဒုတိယမြောက်တစ်စုံကို အနောက်ဘင်္ဂလီပြည်နယ် နိုင်ငံအရှေ့မြောက်ပိုင်းဒေသတွင် ဖြန့်ကြက်ထားသည်။ တတိယမြောက် S-400 တပ်ခွဲကို ပါကစ္စတန်နိုင်ငံ Sindh ပြည်နယ်၏ အနောက်ဘက် Rajasthan ဒေသတွင် တပ်စွဲထားကြောင်း သိရသည်။

**India developing its own long range air defense system – media ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆွီဒင်နိုင်ငံထုတ် ကြိုတင်သတိပေးရေးလေယာဉ်ကို အမေရိကန်ဒေါ်လာ ၅၈ သန်းဖြင့် ပိုလန်ဝယ်ယူရန်စီစဉ်

ပိုလန်နိုင်ငံသည် ဆွီဒင်နိုင်ငံကာကွယ်ရေးပစ္စည်းထုတ်လုပ်သူ Saab ကုမ္ပဏီထံမှ ဝေဟင်ကြိုတင်သတိပေးရေးလေယာဉ် (AEW&C)ကိုဝယ်ယူရန် စီစဉ်ထားကြောင်း ဇူလိုင် ၂၆ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

ဆွီဒင်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၅၈ သန်း တန်ဖိုးရှိသော အဆိုပါဝယ်ယူရေးသဘောတူညီချက်အရ Saab ကုမ္ပဏီသည် ၎င်း၏နောက်ဆုံးပေါ် Erieye ရေဒါတပ်ဆင်ထားသော Saab340 AEW&C ကြိုတင်သတိပေးရေးလေယာဉ်ကို ပိုလန်လေတပ်သို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

စာချုပ်တွင် ဆက်စပ်မြေပြင် စက်ကိရိယာများနှင့် နိုင်ငံတွင်းအုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေးနှင့် ကူညီလုပ်ဆောင်ပေးရေးဝန်ဆောင်မှုများ အကျုံးဝင်ကြောင်း Saab ကုမ္ပဏီမှ တာဝန်ရှိသူ Carl-Johan Bergholm က ပြောကြားခဲ့သည်။

သန်းပေါင်းများစွာ ဝယ်ယူမှုအတွက် ဆွေးနွေးညှိနှိုင်းမှုများကို မေလတွင် စတင်ခဲ့ပြီး ၎င်းသည် ပိုလန်၏ လေကြောင်းကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေး AEW&C စွမ်းဆောင်ရည်ကွာဟချက်ကို ဖြည့်ဆည်းရန်အတွက် Global Eye လေယာဉ်ကိုဝယ်ယူရန် စဉ်းစားနေကြောင်း ကနဦးတွင် ပြည်တွင်းစက်မှုလုပ်ငန်း လေ့လာသူများက ထင်ကြေးပေးခဲ့ကြသည်။

Saab သည် ပိုလန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနနှင့် နှစ်ပေါင်းများစွာ ခိုင်မာသော ဆက်ဆံရေးရှိခဲ့သည်ဟု အဆိုပါကုမ္ပဏီ တာဝန်ရှိသူ Carl-Johan Bergholm က ပြောကြားခဲ့သည်။

ကျွန်ုပ်တို့၏ လေကြောင်းကြိုတင်သတိပေးချက်နှင့် ကွန်ရက်အခြေပြုဖြေရှင်းချက်နည်းလမ်းများဖြင့် ပိုလန်တပ်မတော်ကို ပိုမိုအားကောင်းလာစေရန်အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုအပေါ် ဂုဏ်ယူပါသည်ဟု ၎င်းက ပြောကြားသည်။

ပိုလန်နိုင်ငံထံ 340 AEW&C ကြိုတင် သတိပေးရေးလေယာဉ်ကို၂၀၂၅ ခုနှစ်တွင် ပို့ဆောင်ပေးနိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံပေါင်း ကိုးနိုင်ငံက ဝယ်ယူအသုံးပြုထားသော Saab 340 AEW&C ကြိုတင်သတိပေးရေးလေယာဉ်သည် ကမ္ဘာပေါ်တွင် အသုံးအများဆုံး လေကြောင်းစောင့်ကြည့်ရေးလေယာဉ်များထဲမှ တစ်ခုဖြစ်သည်။ ၎င်းသည် ၂၁ ဒသမ ၄ မီတာ (ပေ ၇၀) တောင်ပံအကျယ်ရှိပြီး ပုံမှန်အမြန်နှုန်း 283 knots (တစ်နာရီလျှင် ၅၂၄ ကီလိုမီတာ/၃၂၅မိုင်) ပျံသန်းမောင်းနှင်နိုင်သည်။



အဆိုပါ လေယာဉ်ကို General Electric ထုတ် အင်ဂျင်နှစ်လုံးဖြင့် မောင်းနှင်ထားပြီး ရည်ရွယ်ချက်အမျိုးမျိုးအတွက် ပြင်ဆင်ဖွဲ့စည်းနိုင်သည့် ကျယ်ဝန်းသောအတွင်းခန်းပါရှိသည်။

ပိုလန်နိုင်ငံတွင် 340 AEW&C လေယာဉ်များသည် ပိုလန်လေတပ်ကို ထိရောက်ပြီး တိကျသောစစ်ဆင်ရေးတာဝန်များ ထမ်းဆောင်နိုင်စေရန်၊ လေကြောင်းအခြေအနေများအပေါ် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်၊ အထောက်အကူပေးနိုင်စေရန် ရည်ရွယ်ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပိုလန်နိုင်ငံ ကောင်းကင်ယံကို အချိန်ပြည့်နီးပါးစောင့်ကြည့် ထောက်လှမ်းပြီး ဝင်ရောက်လာမည့် လေကြောင်းခြိမ်းခြောက်မှုများနှင့် ပတ်သက်၍ မြေပြင်တပ်ဖွဲ့များနှင့် ဆက်သွယ်ခြင်းဖြင့် အမျိုးမျိုးသော လုံခြုံရေးစိန်ခေါ်မှုများ တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။ လေကြောင်းကုန်တင်၊ ကုန်ချပို့ဆောင်ရေးနှင့် ကယ်ဆယ်ရေးမစ်ရှင်များကိုများစွာအထောက်အကူဖြစ်စေနိုင်သည်။

**Poland Buys Swedish Early Warning Aircraft for $58M ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၈၆၇၇ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၈၆၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၉၄၆၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မြေပဲ ၆၈၆၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုခရိုင်မှာ မိုးမြေပဲ ဧက ၆၉၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၆၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ မိုးမြေပဲကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးမြေပဲစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်သလို အထွက်နှုန်းလဲ ကောင်းမွန်နေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် မိုးမြေပဲသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၈၈၁၁ ဧက၊ ဝက်လက်မြို့နယ်တွင် ၃၆၂၂ ဧက၊ ခင်ဦးမြို့နယ်တွင် ၄၆၄၄၃ ဧကနှင့် ကျောက်မြောင်းမြို့တွင် ၉၈၀၁ ဧက စုစုပေါင်း ၆၈၆၇၇ ဧကတို့ဖြစ်ပြီး မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၂၃၂၇၇ ဧက၊ ဝက်လက်မြို့နယ်တွင် ၅၉၈၆ ဧကနှင့် ခင်ဦးမြို့နယ်တွင် ၄၀၂၄၄ ဧက စုစုပေါင်း ၆၉၄၆၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ရွှေဘိုခရိုင်တွင် မိုးမြေပဲ စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး စသည့် စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ဆောင်းမြေပဲစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၇၃၂၃ ဧက၊ ဝက်လက်မြို့နယ်တွင် ၁၅၄၀၇ ဧက၊ ခင်ဦးမြို့နယ်တွင် ၃၄၁၃၄ ဧကနှင့် ကျောက်မြောင်းမြို့တွင် ၁၁၀၀၂ ဧက စုစုပေါင်း ၆၇၈၇၆ ဧကတို့ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မိုင်းဖြတ်မြို့နယ် ဝမ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် ဇူလိုင် ၂၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းဖြတ်မြို့နယ် ဝမ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်နှင့် တာဝန်ရှိသူများက မိုင်းဖြတ်မြို့နယ် ဝမ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၆ ဒသမ ၆ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၈၁ သန်း စုစုပေါင်းငွေကျပ် ၉ ဒသမ ၄၁ သန်းဖြင့် ဆောင်ရွက်သော ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကွန်ကရစ်လမ်းကို ရေရှည်အသုံးပြုနိုင်စေရေးအတွက် ပိုင်ဆိုင်မှုအဖြစ် ထိန်းသိမ်း စောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားသည်။



တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ဝမ်ပုံကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းသည် အရှည်ပေ ၃၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကြောင့် ဒေသခံပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာစေသည့်အပြင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# ဘားအံမြို့နယ် ထုံးအိုင်(အောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဘားအံ ဇူလိုင် ၂၉**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ထုံးအိုင်(အောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ရွာလယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်နှင့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့်ဝန်ထမ်းများက တက်ရောက်လာကြသောကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ထုံးအိုင်(အောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ကို ကျေးရွာတွင် အမှန်တကယ်နေထိုင်ပြီး တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများအား ထုတ်ချေးပေးမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၉-၇-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ခွေ့ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အလှူငွေများလှူဒါန်းမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်သော သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေအမြင့် ၉၄ ပေရှိ သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီးကိုခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ထားမှုအခြေအနေများ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆေးသင်္ကန်းကပ်လှူပူဇော်ခဲ့မှုနှင့် ဥဏ္ဏာလုံမွေးရှင်တော်မြတ်တပ်ဆင်ပူဇော်ခဲ့မှုလက်မှုအချောထည်ကျင်းပရန် ပြင်ဆင်နေမှုနှင့် ဘုရားကြီးတည်ဆောက်ပြီးစီးပါကတွေ့ရှိရမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာနေ့)ခရစ်နှစ် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည့် အခြေအနေများကို ပြောကြားသည်။

**ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်လာမည့် စကျင်ကျောက်တုံးတော်ကြီးကို စတင်လှူဒါန်းသည်မှ အနေကဇာတင်လှူခြင်းမပြုမီအထိ လှူဒါန်းကုသိုလ်ပြုမှုများသည် ကုသိုလ်ကို အစပြုထူထောင်ကြသူ(Founder)များပင်ဖြစ် . . .**

**မာရဝိဇယကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးမှာ နောင်နှစ်ပေါင်းများစွာအထိ တည်တံ့ခိုင်မြဲနေမည်ဖြစ်ပြီး မိမိတို့၏ နောင်လာနောက်သားများ အဆက်ဆက်အထိ တည်ရှိနေမည်ဟုယုံကြည် . . .**



အခမ်းအနားတက်ရောက်လာကြသူများက သာသနာ့ဗိမာန်အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို စိတ်ဝင်တစားကြည့်ရှုလေ့လာဖူးမြော်စဉ်။

လုပ်ငန်းနှင့် ဆေးသင်္ကန်းကပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေး စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့မှုနှင့် ခေတ်မီနည်းပညာများအသုံးပြုတည်ဆောက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ခြင်းလုပ်ငန်းများ အဆင့်ဆင့်တိုးတက်လာမှု၊ ရင်ပြင်တော်ကြီး တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ဂန္ဓကုဋိတိုက်များ တည်ဆောက်ထားရှိမှု၊ သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့တက်ရောက်ရာတွင် အဆင်ပြေမှုရှိစေရေးစက်လှေကားထည့်သွင်းတည်ဆောက်ထားရှိမှု၊မဟာဗောဓိပင်စိုက်ပျိုးထားရှိမှုနှင့် လင်းလွန်းပင်နှင့် အင်ကြင်းတောစိုက်ပျိုးဆောင်ရွက်လျက်ရှိမှု၊ ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများ အဆင့်ဆင့်တိုးတက်လာမှုဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနား



အခမ်းအနားတက်ရောက်လာကြသူများက မုစလိန္ဒအိုင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို စိတ်ဝင်တစားကြည့်ရှုလေ့လာဖူးမြော်စဉ်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းလာသဖြင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ယနေ့တက်ရောက်လာကြသူများ၏လှူဒါန်းမှုအနေဖြင့် ပြည်တွင်း၊ပြည်ပ အလှူရှင် ၂၇၄ ဦးက လှူဒါန်းငွေကျပ် ၅ ဒသမ ၀၄ ဘီလီယံ(ငွေကျပ် သန်း ၅၀၀၀ ကျော်)၊အမေရိကန်ဒေါ်လာ ၂၃၀၀၀ နှင့် ထိုင်းဘတ်ငွေတစ်သိန်းတို့ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မတည်အလှူငွေများ စုပေါင်းလှူဒါန်းကြခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်လာမည့် စကျင်ကျောက်တုံးတော်ကြီးကို စတင်လှူဒါန်းသည်မှ အနေကဇာတင်လှူခြင်းမပြုမီအထိ လှူဒါန်းကုသိုလ်ပြုမှုများသည် ကုသိုလ်ကို အစပြုထူထောင်ကြသူ (Founder)များပင်ဖြစ်ပါကြောင်း၊ ယခုလှူဒါန်းသည့် ကုသိုလ်မှာအများကုသိုလ်ပင်ဖြစ်ပါကြောင်း၊ မင်းတုန်းမင်းကြီးတည်ထားခဲ့သည့်ကုသိုလ်တော်ဘုရားကြီးရှိ ကျောက်စာများမှာ နှစ်ပေါင်း ၁၆၀ ကျော်ရှိပြီဖြစ်သော်လည်း ယခုအချိန်အထိ ပျက်စီးယိုယွင်းမှုများမရှိကြောင်း၊ အလားတူ ပုဂံရှိရှေးဟောင်းဘုရားများသည်လည်း ယနေ့ထက်တိုင် တည်တံ့နေဆဲဖြစ်သည်ကိုတွေ့မြင်ရမည်ဖြစ်ကြောင်း၊ မာရဝိဇယကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးမှာ နောင်နှစ်ပေါင်းများစွာအထိ တည်တံ့ခိုင်မြဲနေမည်ဖြစ်ပြီး မိမိတို့၏ နောင်လာနောက်သားများ အဆက်ဆက်အထိ တည်ရှိနေမည်ဟုယုံကြည်ပါကြောင်း၊ ထို့ကြောင့် ယခုပစ္စုပန်ကာလတွင် လှူဒါန်းခဲ့မှုများသည် မွန်မြတ်သည့်ကုသိုလ်များပင်ဖြစ်ပါကြောင်း၊ ယနေ့ရှင်းလင်းပွဲသို့အချိန်ပေး၍ တက်ရောက်ခဲ့ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအပေါ် ကြည်ညိုသဒ္ဓါစိတ်များဖြစ်ပေါ်၍ လှူဒါန်းကုသိုလ်ယူမှုများအတွက်လည်း ဝမ်းမြောက်နှမော် သာဓုခေါ်ဆိုအပ်ပါကြောင်း၊ ယနေ့လှူဒါန်းမှုများအတွက် တူညီသည့် ကုသိုလ်များရရှိပါစေကြောင်းနှင့် စိတ်ချမ်းသာကိုယ်ကျန်းမာရှိကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဘုရားကြီးနှင့် ဗုဒ္ဓဥယျာဉ်ပုံစံငယ်များ၊ ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့်Romanize Language တို့ဖြင့် ရိုက်နှိပ်ထားမှုနှင့် Tablet များအတွင်း ထည့်သွင်းထားရှိမှုများကို ကြည့်ရှုကြပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တည်ထားကိုးကွယ်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ခဲ့ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ထားရှိမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိကအဆောက်အအုံများ ထည့်သွင်းတည်ဆောက်ထားရှိမှု၊ မုစလိန္ဒနဂါးရုံဘုရားနှင့် ကျောက်စာရုံစေတီများ တည်ထားကိုးကွယ်ထားရှိမှုတို့နှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားမှုများအပေါ် စိတ်ဝင်တစားလေ့လာဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန မိသားစု၏ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း ဦးဆောင်သော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာရှိကြီးများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဗေယျုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိဆရာတော်ကြီးအမှူးပြုသော ပင့်ဖိတ်ထားသည့်ဆရာတော်ကြီး ၁၁ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း ဦးဆောင်သော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာရှိကြီးများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထဲရေးဝန်ကြီးဌာန မိသားစု၏ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပါဠိတက္ကသိုလ် မင်္ဂလာဗေယျုံ ပရိယတ္တိစာသင်တိုက်ဆရာတော်ကြီး ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များ နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းနှင့် ဇနီးတို့က ပါဠိတက္ကသိုလ် မင်္ဂလာဗေယျုံပရိယတ္တိစာသင်တိုက်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာရှိကြီးများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တက်ရောက်လာသူများက ပါဠိတက္ကသိုလ် မင်္ဂလာဗေယျုံပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသန် စိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းဦးဆောင်၍ တာဝန်ရှိသူများသည် ပါဠိတက္ကသိုလ် မင်္ဂလာဗေယျုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာမြို့၊ ပုသိမ်မြို့၊ ရွှေသောင်ယံမြို့၊ သံတွဲမြို့နှင့် ငပလီမြို့တို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်ဖူးမြော်လေ့လာ



နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ အထင်ကရနေရာများကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိစစ်သည်များကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များကို တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အနားယူ အပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေနှင့် ရခိုင်ပြည်နယ် ငပလီကမ်းခြေတို့သို့ တပ်မတော်လေယာဉ်များ၊မော်တော်ယာဉ်များဖြင့် ဇူလိုင် ၂၄ ရက်တွင် ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ အနားယူအပန်းဖြေခရီးစဉ် သွားရောက်ခဲ့သည့်အဖွဲ့များမှ ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ သွားရောက်ခဲ့သည့်အဖွဲ့သည် ကမ်းခြေလမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်တွင် ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးအားကစားများ ဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပုသိမ်မြို့ရှိ ဆုတောင်းပြည့် ဇမ္ဗူပတိရုပ်ပွားတော်၊ တဂေါင်း မင်္ဂလာ မဟာစေတီတော်မြတ်ကြီး၊ ချောင်းသာမြို့ စကားဝါတောင်ပေါ်ရှိ ဒီပါအေးမြမဟာနဂါးရုံဘုရားနှင့် အန္တဇိနလောကမာရ်အောင် စေတီတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညိုခြင်း၊ ချောင်းသာမြို့ စကားဝါတောင် မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတိုက်ရှိ ဓမ္မဗိမာန်တော်ကြီး၌ သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ချောင်းသာမြို့ ရွှေသာယာမြို့မဈေး၊ ရွှေသောင်ယံမြို့ Sea & Lake ရှိ ကျောက်စိမ်းပြတိုက်၊ သစ်ပန်းပုပြတိုက်၊ ဒီရေတောတံတား၊ ပုသိမ်မြို့ရှိ ရွှေမြင်းပျံ ပုသိမ်ဟာလဝါလုပ်ငန်းစသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ရခိုင်ပြည်နယ် ငပလီကမ်းခြေသို့သွားရောက်ခဲ့သည့် အဖွဲ့သည် ကမ်းခြေ၌ လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်တွင် ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးအားကစားများဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး သံတွဲမြို့ရှိ ရွှေဆံတော်ဘုရား၊ မဒေးတောင်ဘုရား၊ ရွှေအံတော်ဘုရား၊ ရွှေနံ့တော်ဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ငပလီမြို့မဈေး၊ ပုလဲကျွန်း၊ မြပတ္တမြားဥယျာဉ်များ စသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြသည်။

ထိုကဲ့သို့ ဇူလိုင် ၂၄ ရက်မှ ယနေ့ထိ ခြောက်ရက်ကြာ အနားယူအပန်းဖြေခရီးစဉ် သွားရောက်ခဲ့သည့် အဖွဲ့များသည် ယနေ့တွင် စုရပ်နေရာများဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးတို့သို့ ပြန်လည်ရောက်ရှိကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ အနားယူအပန်းဖြေခရီးစဉ် သွားရောက်ခဲ့သည့် အရာရှိ၊ စစ်သည်များကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများ၊ တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသအသီးသီးရှိ တန်ခိုးကြီးဘုရားစေတီများ၊ အထင်ကရနေရာများ၏ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ အရာရှိ၊ စစ်သည်များအနေဖြင့် စိတ်လက်ပေါ့ပါးစွာဖြင့် ဒေသန္တရဗဟုသုတများကို လေ့လာခဲ့ကြပြီး ၎င်းတို့အတွက် လွန်စွာအကျိုးရှိခဲ့သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ အပန်းဖြေခရီးစဉ်သွားရောက်နိုင်ရေး စီစဉ်ပေးခဲ့သည့် တပ်မတော်အကြီးအကဲများကိုလည်း ကျေးဇူးအထူးတင်ရှိကာ စိတ်ဓာတ်ခွန်အားများ ပိုမိုရရှိခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဘူးသီးတောင်မြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ဇူလိုင် ၂၈ ရက် ညနေပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှုအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ မြို့မအားကစားဘောလုံးကွင်းကြီး၌ပြုလုပ်သော အစိုးရနည်းပညာကောလိပ်(ကျောက်ဖြူ)မိုးရာသီ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲသို့ တက်ရောက်အားပေးပြီး ဆုများချီးမြှင့်ပေးကြသည်။ ထို့ပြင် ယနေ့နံနက်ပိုင်းတွင် စေတီရပ်ကွက်ရှိ စေတီယျတောင်၊ ဂျပန်-မြန်မာ ချစ်ကြည်ရေးစေတီမှ သာသနာ ၂၅၀၀ စေတီထိ တောင်စောင်းတစ်လျှောက်ရှိ ချုံနွယ်၊ ပေါင်းပင်၊ မြက်ပင်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုအားပေးပြီး စေတီယျတောင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ သံဃာတော်များကို ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ကျောက်ဖြူ ပညာရေးဒီဂရီကောလိပ်သို့ သွားရောက်ပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ် (ဒုတိယအကြိမ်) မိုးရာသီသစ်ပင်စိုက်ပွဲသို့တက်ရောက်ကာ ပျိုးပင်များကိုစိုက်ပျိုးကြသည်။





ဗိုလ်ချုပ် အောင်မျိုးထွန်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် သတ်မှတ်နေရာ၌ ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ မြို့သစ်တောင်ရပ်ကွက်ရှိ မြို့မအားကစားကွင်း၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂) ရပ်ကွက်ကြားရှိ ပိတ်ဆို့နေသောရေမြောင်းကို စုပေါင်းရှင်းလင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ဘူးသီးတောင်တပ်နယ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး သံဃာတော်များကို ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသော ဗိုလ်ချုပ်အောင်မျိုးထွန်းသည် ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်သည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ပျိုးပင်များကိုစိုက်ပျိုးကြသည်။ ထို့ပြင် ကျန်းမာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများမှ မြို့ပေါ်ရပ်ကွက်များ၊ ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

အလားတူ စစ်တွေမြို့နယ်သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်ကျော်မိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာများ၌ နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်ထားသည့် GW-11 စပါးများ စနစ်တကျပျိုးထောင်စိုက်ပျိုးထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၂၉**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

ယနေ့တွင်လည်း စစ်တွေမြို့၊ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါးကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

☆ ကျောဖုံးမှအဆက်

ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများက ဇထူးမိုးလုံလေလုံ အားကစားခန်းမသစ်ကို ဖဲကြိုးဖြတ်၍လည်းကောင်း၊ ဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းထံသို့ ဇထူးမိုးလုံလေလုံ အားကစားခန်းမအဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို Art Wave ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အားကစားအဖွဲ့များက Fitness Dance၊မြန်မာ့သိုင်း၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ရိုးရာခြင်းလုံး၊ ဝူရှူး၊ ကျွမ်းဘားအားကစားနည်းများကို အဖွဲ့လိုက်၊ တစ်ဦးချင်းလိုက် သရုပ်ပြသကစားခြင်းများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားအဖွဲ့ ခြောက်ဖွဲ့အတွက် ဂုဏ်ပြုငွေကျပ် ၁၈ သိန်း၊ အားကစားနှင့် လူငယ်ရေးရာ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ကျွမ်းဘားအားကစားအဖွဲ့ကို ဂုဏ်ပြုငွေကျပ် ငါးသိန်း တို့ကိုချီးမြှင့်ပြီး အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ တည်ထားကိုးကွယ်လျက်ရှိသော ရတနာမာန်အောင်ဆုတောင်းပြည့် မင်္ဂလာစုမ့်မိုင်း စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ရွှေထီးတော်များတင်လှူခြင်း၊ ဌာပနာတော်သွင်းခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခြင်း ကျင်းပပြုလုပ်



ရတနာမာန်အောင် ဆုတောင်းပြည့် မင်္ဂလာစုမ့်မိုင်းစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ရွှေထီးတော်များတင်လှူခြင်း၊ ဌာပနာတော်သွင်းခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်း ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ တည်ထားကိုးကွယ်လျက်ရှိသော ရတနာမာန်အောင်ဆုတောင်းပြည့် မင်္ဂလာစုမ့်မိုင်းစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ရွှေထီးတော်များတင်လှူခြင်း၊ ဌာပနာတော်သွင်းခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တောင်ကြီးမြို့ စွန်းလွန်းဂူကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ အဂ္ဂမဟာဘိဝံသအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စွန်းလွန်းဂူကျောင်းတိုက် ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူပြီး ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲများကို စေတီတော်ရင်ပြင်တွင် ပက်ဖျန်းပူဇော်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်များထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် ဌာပနာတော်ပစ္စည်းများကို စေတီတော်အား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်၍ ရထားပုံဖြင့် ထီးတော်ဘုံအဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်၊ အရံစေတီလေးဆူကို ရွှေထီးတော်တင်လှူပူဇော်ပြီး ဌာပနာတော်များ ထည့်သွင်းပူဇော်ကြသည်။ ထို့နောက် သံဃာတော်များက ရတနာမာန်အောင် ဆုတောင်းပြည့်မင်္ဂလာစုမ့်မိုင်း စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်း၊ အောင်မြေထည့်သွင်းခြင်း ဆောင်ရွက်ခဲ့ကြသည်။ ယင်းနောက် သံဃာတော်များက ရတနာမာန်အောင် ဆုတောင်းပြည့် မင်္ဂလာစုမ့်မိုင်း စေတီတော်မြတ်ကြီး ကုန်းတော်ပေါ်တွင် အောင်သပြေပင်များ စိုက်ပျိုးပေးပြီး အလှူရှင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်နိုင်ဝင်း၊ သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၅)ရပ်ကွက်ရှိ လွယ်ဝိန်းကျောင်းတိုက်၌ သံဃာတော် ၁၃၅ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ခြောက်ပါးနှင့် ဒေသခံပြည်သူ ဦးရေ ၆၀ တို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက်ရှိ ဓမ္မရက္ခိတသီလရှင်စာသင်တိုက်၌ သာသနာ့နွယ်ဝင်သီလရှင် ၈၂ ပါးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စုရှိ ကုလားကြီးကုန်းကျောင်းတိုက်၌ သံဃာတော် ၁၂ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် သုံးပါးနှင့် ဒေသခံပြည်သူ ၁၄၂ ဦးတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကက္ကူကြီးကျေးရွာရှိ ရာဇသေနဆုတောင်းပြည့်ကျောင်းတိုက်၌ သံဃာတော်နှစ်ပါး၊ ဒေသခံပြည်သူ ၂၈၂ ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်ရှိ မဟာဓမ္မကာရာမ ရွှေကျင်တိုက်မကြီးကျောင်း၌ သံဃာတော် ၁၁၅ ပါးနှင့် ဒေသခံပြည်သူ ဦးရေ ၅၀ တို့ကိုလည်းကောင်း ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ သားဖွားမီးယပ်ဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံရန်လိုအပ်သည့် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ဆေးကုသရေးအဖွဲ့၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်နိုင်တို့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၉**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက ရသေ့တောင်တပ်နယ်နှင့် ကျောက်တော်တပ်နယ်တို့ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆောင်ရွက်ထားရှိသော ဥစားကြက်၊ အသားတိုးကြက်၊ နို့စားနွား၊ DYL ဝက်၊ ဥစားဘဲ၊ ဒေသနွားနှင့် ဆိတ်မွေးမြူရေးခြံများ၊ ရာသီသီးနှံစိုက်ခင်းများကို အသီးသီး သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး တပ်ရင်း၊ တပ်ဖွဲ့များ၌ DYL ဝက် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

0w Kv W @

# အစွန်းတစ်ဖက်မှအမှောင်ဘဝ

ဝင်းမင်း(ဖန်ခါးမြေ)




(၁)

"ပဲပြုတ်ဝယ်ကြအုံးမလား"

လင်းကြက်တွန်သံ၊ နွားစာစဉ်းသံ၊ နွားငေါက်သံများကြားမှ ဒေါ်ခင်တင့်၏ အသံပါဖြည့်စွက်၍ သဖန်းတောရွာကလေး၏ ဆောင်းဦးနံနက်ခင်းလေး နိုးထခဲ့လေပြီ။ နွေအခါ အော်ငိုချင်လောက်အောင်ပူသော အညာက ဆောင်းရာသီတွင် အသည်းခိုက်အောင် ချမ်းလွန်းလှသည်။

"အေးမိ ပဲပြုတ်ယူအုံးမလား"

"တော်သေးပြီ ကြီးခင်တင့်ရေ၊ မနေ့ညက ဟင်းကျန်လေးတွေ ရှိသေးလို့"

ချမ်းလွန်းလှသည့် ဆောင်းနံနက်ခင်းတွင် ပဲပြုတ်ရောင်းနေသော ဒေါ်ခင်တင့်ကို စီးပွားရေးအဆင်မပြေသူ၊ ငွေကြေးချို့တဲ့သူဟုထင်လျှင်ဖြင့် မှားပေလိမ့်မည်။

ရွာလယ်ခေါင်တွင် နှစ်ထပ်ပျဉ်ထောင်အိမ်ဖြင့် နေနိုင်သော၊ ယာဧကများစွာပိုင်ဆိုင်သော သဖန်းတောရွာ၏ လူချမ်းသာစာရင်းဝင်သူတစ်ဦးဖြစ်သည်။ သားသမီးမရှိသော လင်ကိုယ်မယားလည်းဖြစ်သည်။ ဒေါ်ခင်တင့်၏အမျိုးသား ဦးကံအေးက အနေအေးသည်။ လူတစ်ဖက်သားကို အားနာတတ်သည်။ ဒေါ်ခင်တင့်က ဦးကံအေးလိုမဟုတ်။ အပြောအဆို ကြမ်းသည်။ အားမနာတတ်။ ငွေရေးကြေးရေးနှင့်ပတ်သက်လာလျှင် အမျိုးအရင်းလည်း တစ်ကျပ်တစ်ပြားကအစ အလျှော့ပေးတတ်သည်မဟုတ်။

ဒေါ်ခင်တင့်ခေါင်းထဲတွင် ငွေဝင်ဖို့၊ ငွေရဖို့သာ ရာကြံစဉ်းစားနေတတ်သည်။ အလုပ်မျိုးစုံလည်းလုပ်သည်။ အိမ်တွင် ကုန်စုံဆိုင်ဖွင့်သည်။ ဘက်ထရီအားသွင်းလုပ်ငန်း လုပ်သည်။ အလှူ မင်္ဂလာဆောင်တို့တွင်လည်း အသံချဲ့စက်အငှားလိုက်သည်။ သည်ကြားထဲ ဗီဒီယိုရုံကလည်း ထောင်ထားသေးသည်။ ဗီဒီယိုရုံပြသခြင်းကို ရွာထဲက ပေါက်စကို လစာပေးငှားထားသည်။ ဘက်ထရီအားသွင်းလုပ်ငန်း၊ အသံချဲ့စက်အငှားလိုက်လုပ်ငန်းကို ဦးကံအေးကို ဒေါ်ခင်တင့်က တာဝန်ပေးထားသည်။ ယာလုပ်ငန်းအတွက်တော့ သူရင်းငှားနှစ်ဦး ခေါ်ထားသည်။ တစ်နေကုန် အနားမရအောင်ခိုင်းခြင်း၊ မဝရေစာကျွေးခြင်းတို့ကြောင့် သူရင်းငှားကလည်း မြဲသည်မရှိ။ ရွာထဲမှာ သူရင်းငှားရှာမရ၍ တခြားရွာများမှ ရှာထားရသည်။

(၂)

ဒေါ်ခင်တင့်ရော ဦးကံအေးပါ အသက် ၆၀ တန်းအရွယ် ကျော်နေကြပြီ။ ဦးကံအေးက အသက်အရွယ်အရ စီးပွားရေးလုပ်ငန်းများကို လျှော့ချင်သည်။ ရွာဦးကျောင်း ဆရာတော်ထံသွား၍ အချိန်ပြည့် တရားအားထုတ်ချင်သည်။ ဒေါ်ခင်တင့်က ခွင့်မပြုတော့ခက်လှသည်။

"တော်ကတော့ ဘုန်းကြီးကျောင်းမှာအပျင်းခိုပြီးတော့ ကျုပ်တစ်ယောက်တည်း ပင်ပင်ပန်းပန်းလုပ်စေချင်တယ်ပေါ့လေ"

"ဘယ်လိုစကားမျိုးတွေ ပြောနေတာလဲ မယ်တင့်ရာ မင်းကော ငါကော အရွယ်တွေမငယ်ကြတော့ဘူးလေကွာ။ နေရဖို့ထက် သေမဲ့ဘက် နီးလာပြီလေ။ အသေမဦးခင် ဉာဏ်ဦးထားပြီး တရားဘာဝနာပွားများအားထုတ်နိုင်မှ သံသရာအတွက် စိတ်အေးရမယ်မဟုတ်လား။ အခု မင်းရှာထားတဲ့ ငွေတွေကလဲ ငါတို့နှစ်ယောက် သေတဲ့ထိတောင် စားမကုန်ပါဘူးကွာ။ စီးပွားဥစ္စာရှာတဲ့ဘက် မင်း လျှော့သင့်ပြီနော်"

ဒေါ်ခင်တင့်ကို တရားချနေသော်လည်း နားဝင်ပုံမရပေ။

"အို. . . ကျုပ်ကတော့ လုပ်နိုင်တုန်းတော့ လုပ်ရမှာပဲ။ ကျုပ်တို့မှာ အားကိုးစရာသားသမီးလဲ ရှိတာမဟုတ်ဘူး။ မတ်တတ်သွားနိုင်တဲ့အချိန် တုံးလုံးစာပါရှာထားမှ တော်ကာကျမှာ။ တော် ဘုရားတရားလုပ်ချင်တယ်ဆိုလဲ ဥပုသ်နေ့ကျ ဘုန်းကြီးကျောင်း တစ်နေကုန် သွားပေါ့"

"မင်းရော လိုက်ခဲ့မှပေါ့"

"အို. . . တော့်လို အားယားမနေပါဘူး။ အလုပ်တွေဇယ်စက်လို့"

ဦးကံအေး လက်လျှော့ခေါင်းယမ်းရတော့သည်။ ဒေါ်ခင်တင့်ကတော့ စီးပွားရှာမပြတ်။ ရွာထဲလည်း ငွေတိုးက ပေးထားလိုက်သေးသည်။ အတိုးကလည်း များလွန်းလှသည်။ အတိုးပေးရမည့်နေ့ လာမဆပ်ပါက အိမ်ရောက်အောင် သွားတောင်းသည်။ တန်းမပေးနိုင်ပါက နင်ပဲငဆ ဆဲရေးတိုင်းထွာတော့သည်။ မကြားဝံ့မနာသာ ရှိလှသည်။ ဦးကံအေးခမျာ မျက်နှာပူစွာ၊ အရှက်ရစွာနှင့် ဒေါ်ခင်တင့်ကို သွားဆွဲခေါ်ရသည်က လည်း ဘယ်နှကြိမ်မှန်းပင် မသိတော့။

(၃)

ဒေါ်ခင်တင့်သည် ဆောင်းရာသီရောက်လျှင် ပဲပြုတ်ရောင်းသည်။ နွေရာသီဆို မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ မိုးရာသီဆို မုန့်ဟင်းခါး၊ အသုပ်စုံရောင်းသည်။ စီးပွားရေးသောင်းကျန်းသလောက် ပိုက်ဆံလည်းဝင်သည်။ ပိုက်ဆံချမ်းသာ၍ ကောင်းကောင်းသုံး၊ ကောင်းကောင်းစားသည်ဟုထင်လျှင် မှားပေဦးမည်။ လင်မယားနှစ်ယောက် တစ်လမှာတစ်ခါသာ အသားဟင်းစားသည်။ ဟင်းချက်လျှင်လည်း တစ်နေ့နှစ်ခွက်ထက်မပို။ ဆန်ကလည်း ဆန်ကွဲသာသာ ဈေးပေါသည့်ဆန်ကိုသာ ရွေးဝယ်သည်။ ဦးကံအေးခမျာ အသက်အရွယ်အရ ကောင်းကောင်းမွန်မွန် စားချင်ရှာသော်လည်း ဒေါ်ခင်တင့်ကို မလွန်ဆန်နိုင်ပေ။ ဒေါ်ခင်တင့်၏ လက်သုံးစကားက-

"တော်ပြီပေါ့ တစ်နေ့ ထမင်းသုံးနပ်စားရရင်၊ ပိုက်ဆံဆိုတာ ရှာရတာသာခက်တာ၊ သုံးရင်တော့ ထွက်လို့ကို ဆုံးမှာမဟုတ်ဘူး။ ဒီလောက်ချွေတာ စိစစ်တဲ့ကြားကတောင် ပိုက်ဆံက လမ်းရှာထွက်ချင်နေသေးတာ"

တစ်နေ့တစ်နေ့ ဒေါ်ခင်တင့်ကိုကြည့်ရင်း ဦးကံအေး သနားလာသည်။ နေဝင်၊ နေထွက် အလုပ်မျိုးစုံ ကုန်းရုန်းလုပ်ပြီး ငွေရှာနေသော်လည်း ငွေကိုအသုံးချကာ ကောင်းကောင်းမွန်မွန် နေထိုင်မစားသောက်ရရှာ။ ငွေရှိပြီး ဆင်းရဲနေသည်။ လူဖြစ်လာလျှင် ဘဝရပ်တည်ရန်အတွက် စီးပွားဥစ္စာရှာဖွေစုဆောင်းရမည်ကို ဦးကံအေး လက်ခံပါသည်။ သို့သော် အစွန်းမရောက်ရန် လိုသည်။ စီးပွားဥစ္စာရှာသည်မှာ သုံးသင့်တန်သုံး၊ စုသင့်တန်စု၊ လှူသင့်တန်လှူရပေမည်။ ယခု ဒေါ်ခင်တင့်အဖြစ်က မသုံးရက်၊ မစားရက်၊ မလှူရက်နှင့် အစွန်းတစ်ဖက်ကို ရောက်နေသည်။ ငွေရှာသည်မှာ စုဖို့ပဲ ခေါင်းထဲရောက်နေသည်။ ဒေါ်ခင်တင့်အတွက် ဦးကံအေး ရင်လေးမိသည်။

(၄)

တစ်နေ့တွင် ဦးကံအေးတစ်ယောက် မမျှော်လင့်သောအဖြစ်ဆိုးနှင့် ကြုံတွေ့ခဲ့ရသည်။

"ဘကံအေး၊ ဘကံအေးရှိလားဗျို့"

အိမ်ရှေ့မှ သာမောင်၏ အလောတကြီးခေါ်သံကြောင့် ဘက်ထရီအိုးများအားသွင်းနေရာမှ ဦးကံအေး ထလာခဲ့သည်။

"အေးသာမောင် ဘာကိစ္စတုန်းကွ"

"ကြီးခင်တင့် ယာထဲမှာ နှမ်းရိုးပုံမရင်း ပိုးထိလို့ ဆုံးပြီ ဘကြီး"

"ဟာ"

ဦးကံအေး ဦးခေါင်းချာချာလည်သွားသည်။

"ဟာ ဘကံအေး ရလား"

ခန္ဓာကိုယ် ယိုင်သွားသောဘကံအေးကို သာမောင် ထိန်းပေးလိုက်သည်။

"ရတယ် ရတယ် သာမောင်၊ ငါတို့ ယာထဲလိုက်သွားရအောင်"

ယာထဲရောက်ချိန်တွင် နှမ်းပုံဘေး၌ ခွေခွေလေး လဲနေသော ဒေါ်ခင်တင့်ကို ဦးကံအေးတွေ့လိုက်ရသည်။

"ကျုပ်တို့လဲ ကြီးခင်တင့်ကို နှမ်းရိုးပုံတွေ မ မဖို့ ပြောပါသေးတယ်တော်၊ ကြီးခင်တင့်က သူကိုယ်တိုင်ဝင်လုပ်တော့ လူငှားတစ်ယောက်စာ သက်သာတာပေါ့ ဆိုပြီးဝင်လုပ်တာပါ။ ကျုပ်တို့က ဟိုဘက်အခင်းထဲမှာ နှမ်းရိုးမနေကြတာဆိုတော့ ကြီးခင်တင့် ပိုးထိတာကို ချက်ချင်းမသိလိုက်ဘူး။ ကြီးခင်တင့်အသံ မကြားလို့ လာကြည့်မှ အခုလိုတွေ့လိုက်ရတာ"

အေးသီ ရှင်းပြသည်ကို နားထောင်ရင်း ဦးကံအေး ရင်ထဲ ဆို့တက်လာသည်။

"အခုတော့ လူငှားတစ်ယောက်စာ ငွေ ၂၀၀၀ လောက်တောင် မင်းအသက်က တန်ဖိုးမရှိတော့ဘူးလား မယ်လေးဘကြီးရဲ့"

ဦးကံအေးတစ်ယောက် ဒေါ်ခင်တင့်၏ အဖြစ်ဆိုးကိုကြည့်ပြီး ချုံးပွဲချ ငိုကြွေးမိတော့သည်။

(၅)

ရွာ့အပြင်ဘက်တွင် ဆုံးသောကြောင့် ဒေါ်ခင်တင့်အလောင်းကို ရွာထဲသို့ သယ်ယူခွင့်မရှိပေ။ ရွာထိပ်မန်ကျည်းပင်အောက်တွင်သာ ယာယီကွပ်ပျစ်နှင့် ထားရတော့၏။ ရွာထဲဆုံးလျှင် အလောင်းကိုတင့်တင့်တယ်တယ် ပြင်ဆင်ခွင့်ရမည်။ ယခုတော့ အဖြစ်ကဆိုးလှသည်။ သူရှာခဲ့သောငွေကြေးများနှင့်ပင် သူ့အလောင်းကို တင့်တင့်တယ်တယ် ပြင်ဆင်ခွင့်မရခဲ့ရှာတော့ပေ။

ဒေါ်ခင်တင့် ရက်လည်ဆွမ်းသွတ်ပြီးနောက် ဦးကံအေး ဆုံးဖြတ်ချက်တစ်ခုချခဲ့သည်။ ယာများအကုန်ရောင်းပြီး ရွာဦးဘုန်းကြီးကျောင်းကို တိုက်ကျောင်းအဖြစ် ဆောက်လုပ်လှူဒါန်းသည်။ ထို့ပြင် ရွာထဲကအိမ်နှင့်ဝိုင်းကိုရောင်းပြီး ဘုန်းကြီးကျောင်းတွင် သိမ်ဆောက်လုပ်လှူဒါန်းသည်။ အလှူဒါနပြုမှုများကို ဒေါ်ခင်တင့်အတွက်ရည်စူးပြီး အမျှပေးဝေသည်။

အိမ်ကြီးကိုမရောင်းမီ ရှင်းလင်းစရာရှိသည်များ ရှင်းလင်းကြတော့ အိမ်အောက်ထပ်နေရာတချို့တွင် ခြစားနေသောငွေစက္ကူများ၊ ကြွက်ကိုက်နေသော ငွေစက္ကူများကို တွေ့ရသည်။ ဒေါ်ခင်တင့်တစ်ယောက် ငွေကိုလောဘကြီးစွာ ရှာဖွေခဲ့သော်လည်း ငွေကိုစည်းစနစ်ကျစွာ သေချာမထားသိုတတ်ခဲ့ပေ။

သူရှာဖွေခဲ့သောငွေများကို စနစ်တကျသုံးစွဲခြင်း၊ လှူဒါန်းခြင်းမရှိခဲ့ဘဲ အစွန်းရောက်ခဲ့သောကြောင့် သူရှာဖွေခဲ့သောငွေကြေးက သူ့သံသရာအတွက် အလင်းဆောင်ကြဉ်းမပေးနိုင်ဘဲ အမှောင်ဘဝသို့ ဆွဲချခဲ့လေပြီ။

ဦးကံအေးလည်း ယခုအခါတွင် တရားဘာဝနာများ ပွားများအားထုတ်နေသော ဦးပဥ္စင်း ဦးစန္ဒိမာဘဝသို့ ရောက်ရှိခဲ့လေပြီ။

# ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၂၂၄၇ ဧက စိုက်ပျိုးပြီးစီး



**ဟုမ္မလင်း ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၂၂၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၆၄၁၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ကြရာ ဇူလိုင် ၂၈ ရက်ထိ ၁၂၂၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဟုမ္မလင်းမြို့နယ်မှာ မိုးစပါးဧက ၆၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိတော့ မိုးစပါးဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး သတ်မှတ်လျာထားချက်ပြည့်မီအောင်၊ အချိန်မီစိုက်ပျိုးနိုင်အောင် ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်။ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေရရှိအောင် ဆောင်ရွက်ပေးနေတယ်" ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးစပါးဧက ၆၄၁၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ ပိုးမွှားကျရောက်မှုမှ ကာကွယ်နိုင်ရေး၊ သဘာဝမြေဩဇာများ သုံးစွဲတတ်လာရေး နည်းပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဟုမ္မလင်းမြို့နယ်တွင် နွေစပါး ၁၁၃၃၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းပန်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး


**မိုင်းပန် ဇူလိုင် ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နှစ်ရှာတစ်ယူနစ်ဖြစ်သည့် နမ့်တိန်း-လွိုင်ခွဲ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နမ့်တိန်း-လွိုင်ခွဲ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ စာရင်းဇယားများ မှန်ကန်စွာ ရေးသွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

နှစ်ရှာတစ်ယူနစ်ဖြစ်သည့် နမ့်တိန်း-လွိုင်ခွဲ့ကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၇၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

မင်းမြင့်မိုရ်



# အင်ပူမြို့နယ် ပြည်သိန်းတန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အင်ပူ ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်သိန်းတန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်တင်အောင်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေမင်းမင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပြည်သိန်းတန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် ပြည်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်တင်အောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ပြည်သိန်းတန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၃၃ ဒသမ ၆၄သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၈ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ၂၉ သန်း ထုတ်ချေးပေးထားကြောင်း အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေမင်းမင်းက ပြောပြ၍ သိရသည်။

သံသာ

## သာယာစိုပြည် တို့လယ်မြေ

- ရွှေမိုးပဝ္ဇုန် ကကြိုးစုံ၍
အမှုန်သခင် တိမ်ညိုဆင်လျှင်
ကောက်ပင်မိုးမျှော် ဖားတို့အော်သည်
မိုးခေါ်သံလည်း ကြားရပြီ။

- တိမ်မည်းညို့ကာ ရွာခဲ့ပါလျှင်
တို့ရွာချောင်းလေး ရေဖွေးဖွေးနှင့်
စီးပြေးမျောနေ မိုးကျရေသည်
လယ်မြေသက်ဆင်း ကြလေပြီ။

- ပုလဲမိုးစက် ပွေ့အဖက်ဝယ်
နွယ်မြက်သစ်ပင် ရွက်နုဆင်၍
စိမ်းရွှင်စိုပြေ ဖူးပွင့်ကြနှင့်
လှပတင့်ဆန်း ခဲ့လေပြီ။

- အို့ . . မိုးဒေဝါ သွန်းဖြိုးရွာက
တောင်ယာလယ်မြေ သီးနှံဝေ၍
မိုးရေဖွေးဖွေး လေနုအေးနှင့်
ငှက်ကျေးသံသာ ဆိုတေးဖြာသည်
သာယာစိုပြေ(ပြည်) တို့လယ်မြေ။ ။

လွမ်းနွယ်(မြိုင်)

# ငဖဲမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းနိုင်ရန် ကွင်းဆင်းတိုင်းတာ

**ငဖဲ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ သွားလာရေး အဆင်ပြေစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပဒါန်း- ငဖဲ -စေတုတ္တရာ- အောင်ပင်လယ် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း တိုင်းတာခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်မာသန်းနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ပဒါန်း- ငဖဲ - စေတုတ္တရာ-အောင်ပင်လယ်ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး မြေပြင်တိုင်းတာခြင်း လုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဒါန်း-ငဖဲ-စေတုတ္တရာ-အောင်ပင်လယ် ကျေးရွာချင်းဆက်လမ်းမှာ အရှည် ၇ ဒသမ ၈၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၂ လက်မဖြစ်ပြီး အဆိုပါလုပ်ငန်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ၂၄၃ ဒသမ ၃၅ သန်းဖြင့် ယခုဘဏ္ဍာနှစ်တွင် ငဖဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ၍ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်မာသန်းက ပြောပြ၍ သိရသည်။

ဇင်မာ

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# ဆေးဖက်ဝင် အခွံမာရေသတ္တဝါပီလား ခေါ် မြင်းခွာကဏန်းများ



ပင်လယ်အခေါ်ပီလားကောင်များမှာ လွန်ခဲ့သော နှစ်ပေါင်း ၄၅၀ မီလီယံခန့် ဒိုင်နိုဆောသတ္တဝါများ ရှိစဉ်အခါကတည်းက ရှိခဲ့ကြသည်မှာ ယနေ့ထိ မျိုးသုဉ်းပျောက်ကွယ်မသွားသေးပေ။ ကမ္ဘာပေါ်တွင် ပီလားမျိုးစိတ် လေးမျိုးရှိသည်။ ၎င်းတို့မှာ တောင်နှင့် အရှေ့တောင်အာရှတွင်တွေ့ရသော ဒီရေတောမြင်းခွာကဏန်း (Carcinoscorpius Rotundicauda)၊ အမေရိကန်နိုင်ငံ အတ္တလန္တိတ်ကမ်းရိုးတန်းနှင့် မက္ကဆီကိုအရှေ့တောင်ပိုင်းတစ်လျှောက်တွေ့ရှိရသည့် အမေရိကန်မြင်းခွာကဏန်း (Limulus polyphemus)၊ တောင်နှင့် အရှေ့တောင်အာရှတွင် တွေ့ရသော အင်ဒို-ပစိဖိတ်၊ အင်ဒိုနီးရှား-အိန္ဒိယ သို့မဟုတ် တောင်ပိုင်းမြင်းခွာကဏန်း (Tachypleus gigas)၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှတို့တွင် တွေ့ရသည့်ကျောရိုးမြင်းခွာကဏန်း (Tachypleus Tridentatus)တို့ဖြစ်ကြသည်။

ပီလားကို အင်္ဂလိပ်လို Horseshoe Crab (မြင်းခွာကဏန်း)ဟု အမည်တွင်ပြီး မြန်မာလို ပီလား သို့မဟုတ် ကင်းဖို၊ ကင်းမ သို့မဟုတ် ရေပိုးဟု ခေါ်ဆိုကြသည်။ ပီလားများမှာ မြင်းခွာကဏန်း(Horseshoe Crab) ဟုအမည်တွင်သော်လည်း ကဏန်းမျိုးနွယ်များမဟုတ်ကြပေ။ သို့သော်လည်း ကဏန်းတို့ကဲ့သို့ အခွံမာရေသတ္တဝါ (Crustaceans) အုပ်စုတွင် ပီလားသည်လည်းပါဝင်သည်။

ပီလားများသည် နူးညံ့သော သဲ၊ ရွှံ့စေးများ၊ ရွှံ့စေးဆန်သောနေရာများနှင့် ကမ်းရိုးတန်းတစ်ဝိုက်တွင် အဓိကနေထိုင်ကြသည်။ ၎င်းတို့သည် ဒီရေအတက်၊ အကျရှိရာနေရာ (Intertidal Zone)တွင် သားပေါက်လေ့ရှိကြသည်။ ပီလားကို အာရှတိုက်တစ်ခြမ်း၌ စားသုံးပြီး ငါးစာအဖြစ်လည်း အသုံးပြုကြသည်။ ပီလားမျိုးစိတ်များအနက်မှ အရှေ့တောင်အာရှတွင် တွေ့ရှိရသော ဒီရေတောမြင်းခွာကဏန်း၏ သိပ္ပံအမည်မှာ Carcinoscorpius Rotundicauda ဟူ၍ဖြစ်သည်။

ပီလားများသည် ၎င်းတို့၏ခန္ဓာကိုယ်တစ်ခုလုံးကို မာကျောသောအရာများဖြင့် ကာကွယ်ထားကြပြီး နောက်ဆက်တွဲခြေထောက်ခြောက်စုံပါရှိသည်။ ပထမတစ်စုံမှာ အလွန်သေး၍ ပါးစပ်ရှေ့တွင်ရှိပြီး အစာစားသောက်ရန်အသုံးပြုကြသည်။ လမ်းလျှောက်ရာတွင် အသုံးပြုသော ခြေထောက်ငါးချောင်းမှာ အများစုတွင် ကတ်ပြားပုံသဏ္ဍာန်ရှိကြသည်။

ပီလားမျိုးစိတ်လေးမျိုးတွင် ဒီရေတောမြင်းခွာကဏန်းသည် အသေးငယ်ဆုံးဖြစ်သည်။ ပီလားအမသည် အထီးထက်ပိုကြီးသည်။ နွေဦးရာသီတွင် ပီလားများသည် ပိုမိုနက်ရှိုင်းသောရေတိမ်ဘက်၊ ရွှံ့မြေနေရာများသို့ ရွှေ့ပြောင်းသွားကြပြီး တစ်ကောင်တည်း နေလေ့မရှိပေ။ နှစ်ကောင် သို့မဟုတ် အုပ်စုဖွဲ့၍ နေကြသည်။

ပီလားများသည် အစုံစားသတ္တဝါအုပ်စုဝင်ဖြစ်ပြီး ခရုငယ်များ၊ ပိုးကောင်ငယ်များနှင့် အခြား Benthic ကျောရိုးများ၊ ရေညှိများကို စားသုံးကြသည်။ တစ်ကောင်နှင့်တစ်ကောင် မိတ်လိုက်ကြပြီး သန္ဓေအောင်သောအခါ ဥများကိုဥချရန်အတွက် သဲသောင်ပြင်များတွင် တွင်းများတူးထားကြသည်။ ထို့နောက် ဥများကို အသုတ်လိုက်ဥချထားကာ ပင်လယ်ဘက်သို့ ထွက်ခွာကြသည်။

ပီလားများကို ရေငန်ဒေသ၊ ရေချိုရေငန်စပ်ဒေသများတွင် ရှင်သန်ကျက်စားကြပြီး အများအားဖြင့် ရေငန်ဒေသများတွင် ပိုမိုတွေ့ရှိရသည်။ ကင်းဖို၊ ကင်းမ ခေါ် ပီလားများမှာ အောက်ချင်းငှက်ဖိုငှက်မ၊ ကိန္နရီ၊ ကိန္နရာမောင်နှံကဲ့သို့ တူစုံယှဉ်တွဲပြီးသွားလာနေထိုင်ကျက်စားလေ့ရှိကြသည်။ တချို့က ပီလားမောင်နှံကို ဖမ်းမိလျှင် အထီးကိုခွာပြီး ပင်လယ်ထဲပြန်ပစ်ချကြသည်။ ထိုအခါမှာ အထီးက အမကို ပင်လယ်ရေနောက်ကျိသွားအောင် ပြန်ရှာတတ်ကြသည်။

ယခင်က ပီလားဥများကိုသာ စားသုံးကုန်အဖြစ် ဈေးကွက်ရှိပြီး ယခုနောက်ပိုင်းတွင်မူ အသားရောဉပါ လူကြိုက်များလာကြသည်။ ပီလားများမှာ အထီးနှင့် အမအမြဲတွဲနေသောကြောင့် အမကိုဖမ်းပြီး ရောင်းကြသည်။ အမအကောင် ၁၀၀ တွင် အထီးတစ်ကောင်ရှိခဲလှသည်။ အမပေါ်၌အထီးရှားသည်။ ပီလားအမအခွံ၏ ပတ်လည်တွင် ဥများရှိနေသည့်အချိန်၌ ဈေးကောင်းရ၍ ရေလုပ်သားများ ဝင်ငွေကောင်းကြသည်။ ပီလားဥကို ထိုင်းနိုင်ငံတွင် လူကြိုက်များပြီး သရက်သီးနှင့်သုပ်စားကြသည်။ ပီလားကောင်များကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့က အများဆုံးဝယ်ယူကြပြီး ဈေးကောင်းရရှိသော ရေသတ္တဝါလည်းဖြစ်သည်။

အထီးမှာ အမထက်အလေးချိန်ပိုနည်းပြီး များသောအားဖြင့် အမသည် ဥများနှင့်လေးလေးပင်ပင်ရှိသောကြောင့် ကိုင်သည်နှင့်အထီး၊ အမခွဲခြားနိုင်ကြသည်။ ပီလားဥတစ်ကီလို (၆၀ ကျပ်သား)ရရန် ပီလားအမအကောင် ၃၀ ခန့်ခွဲရသည်။ ဥမှာ သာဂူစေ့အရွယ်အဝါရောင်ရှိပြီး ဆိမ့်သောအရသာရှိသည့် ပီလားဥကို စားသုံးပါက အကြောအခြင်တက်ခြင်းကို သက်သာစေသည်ဟုသိရသည်။

ပီလားများ၏ ရှည်လျားပြီးပါးလွှာချွန်ထက်နေသည့် အမြီးကြောင့် အန္တရာယ်ရှိသည့် ပင်လယ်ရေသတ္တဝါအဖြစ် မြင်ကြသော်လည်း အမှန်တကယ်တော့ ၎င်းတို့၏အမြီးမှာ အဓိကအားဖြင့် သူတို့ပက်လက်လှန်သွားသည့်အချိန်တွင် တစ်ဖန်ပြန်မှောက်ကာ နဂိုအနေအထားကိုရှိရန်အတွက် အသုံးပြု၍ရသည်။

ငါးဖမ်းပိုက်ကြားတွင် ပါလာတတ်သော ပီလားများမှာ အမြီးနှင့်ထိုးတတ်သည့်အတွက် ဖမ်းရခက်သည့် ရေသတ္တဝါလည်းဖြစ်သည်။ အဏုမြူမှီးချောင်းများဖြင့် ပီလားများကို ထောင်ဖမ်းကြသည်။ အရွယ်အစားအမျိုးမျိုးရှိကြပြီး ပီလားတစ်ကောင်လျှင် ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ ခန့်ဈေးရှိသည်။

ပီလားများ၏သွေးမှာ အလွန်အဖိုးတန်လှသည်။ အရှားပါးဆုံးသွေးကို ပိုင်ဆိုင်ထားကြပြီး ၎င်းတို့၏ သွေးမှာ အပြာရောင်ဖြစ်သည်။ ပီလား၏သွေးကို လူသားများ၏သွေးနှင့်တိရစ္ဆာန်များ၏ သွေးထဲမှ ဗက်တီးရီးယားများကို ရှာဖွေစစ်ဆေးရာတွင် အသုံးပြုသည့် ဗက်တီးရီးယားပိုးမွှားများ သန့်စင်ဆေးထုတ်ရာတွင် ပီလားသွေးကို အသုံးပြုကြသည်။

ယခုအခါ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို စီမံရန်အသုံးပြုသော ပစ္စည်းများ၊ ဆေးထိုးအပ်နှင့် ဖန်ပုလင်းတိုင်ကို LAL ဟုအမည်တွင်သော ဗက်တီးရီးယားပိုးမွှားသန့်စင်ဆေးတစ်မျိုးနှင့် စမ်းသပ်ခဲ့သည်။ LAL စမ်းသပ်မှုသည် ပီလား ခေါ် မြင်းခွာကဏန်းများကို ရှာဖွေစုဆောင်းပြီး ၎င်းတို့၏ တောက်ပသော အပြာရောင်သွေးများကို ထုတ်ယူကြသည်။ ပီလား၏သွေးမှတစ်ဆင့် အောက်ဆီဂျင်ကို သယ်ဆောင်ရန် Hemocyanin ကို သုံးသည်။ Hemocyanin တွင်ပါဝင်သော ကြေးနီကြောင့် ၎င်းတို့၏သွေးမှာ အပြာရောင်ပြောင်းလဲသွားခြင်းဖြစ်သည်။ ပီလားကောင်များ၏ သွေးထဲတွင် Amebocytes များ ပါဝင်သည်။ ကျောရိုးရှိသတ္တဝါများ၏ ရောဂါပိုးများကို ကာကွယ်ရန်အသုံးပြုကြသည်။

မြန်မာ့ဆေးနည်းအယူအရ ပီလားအမြီးကို သံပရာသီးတွင်ထိုးပြီး လူ့ခြေထောက်တွင် တစက်စက်ထိုးခြင်းဖြင့်ကြွက်တက်ခြင်း၊ အကြောတက်ခြင်းကို ပျောက်ကင်းစေနိုင်သည်ဟု အဆိုရှိကြသည်။ ပီလား၏ အခွံမာကိုလည်း မြင်း၊ နွားများ၏ ခွာတွင်ကပ်ပြီးလည်း အသုံးပြုနိုင်ကြသည်။ အိမ်အလှဆင်ပစ္စည်းများအပြင် ပီလားကောင်ငယ်လေးများ၏ အခွံများကို အမှတ်တရပစ္စည်းအဖြစ် သော့ချိတ်များပြုလုပ်ကြသည်ကို တွေ့ရှိရသည်။

အနောက်နိုင်ငံများတွင် ပီလားကိုမကောင်းဆိုးဝါးများ အိမ်မှနှင်ထုတ်ပေးနိုင်သည့် အကောင်တစ်မျိုးအဖြစ် အယူရှိကြပြီး အချို့အိမ်များတွင် မွေးထားကြကြောင်း သိရသည်။

ထို့ပြင် “ပီလားတစ်ကောင်၊ ကျွဲတစ်ထောင်” ပီလားတစ်ကောင်ကို နွားတင်းကုပ်၊ ကျွဲတင်းကုပ်များတွင် ချိတ်ဆွဲထားခြင်းဖြင့် ကျွဲ၊ နွားများ ရောဂါဘယကင်းဝေးစေသည်။ ပီလားများကို စဉ်ဆက်မပြတ် ထောက်ပံ့နိုင်ရန်နှင့် ထိန်းသိမ်းနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် မရှိသေးသော်လည်း မလေးရှားနိုင်ငံ (Johor) တွင် မြင်းခွာကဏန်းများကိုမွေးမြူပြီး နှစ်နှစ်လျှင်တစ်ကြိမ် သမုဒ္ဒရာထဲသို့ ပြန်လွှတ်ပေးခဲ့သည်။

ပီလားမွေးမြူရေးလုပ်ငန်းသည် ဝင်ငွေကောင်းသောလုပ်ငန်းတစ်ခုဖြစ်သည်။ ပီလား၏ အရှည် ၆၀ စင်တီမီတာထိ ရောက်သောအခါ သံခမောက်လုံးကြီးကဲ့သို့ အခွံများနှင့် Spikey Tail များပါရှိကြ၍ ၎င်းတို့ကို ဂြိုဟ်သားနှင့်တူသည်ဟု ပြောဆိုကြသည်။ ပီလားများမှာ လပြည့်နေ့နှင့် လကွယ်နေ့ ဒီရေတက်ချိန်တွင် ကမ်းခြေပေါ်တက်၍ တစ်ကောင်နှင့်တစ်ကောင် မိတ်လိုက်ကြသည်။ Delaware Bay သည် နှစ်စဉ် မြင်းခွာကဏန်းထောင်ပေါင်းများစွာ စုဆောင်းသည့် အဓိကမိတ်လိုက်ရာနေရာဖြစ်သည်။

ကမ္ဘာတစ်ဝန်းမှသိပ္ပံပညာရှင်များသည် မြင်းခွာကဏန်းမျိုးစိတ်များကို ထိန်းသိမ်းရန်အတွက် တောရိုင်းတိရစ္ဆာန်ဥပဒေအရ မျိုးသုဉ်းရန်အန္တရာယ်ရှိသောတံဆိပ်တပ်ရန် တောင်းဆိုနေကြသည်။ မြင်းခွာကဏန်းကို ခြိမ်းခြောက်မှုများမှာ နေရင်းဒေသဆုံးရှုံးခြင်းနှင့် အလွန်အကျွံဖမ်းဆီးခြင်းကြောင့် မျိုးစိတ်များ ရှားပါးလာရခြင်းဖြစ်သည်။

ပီလား ခေါ် မြင်းခွာကဏန်းများကို အာရှနယ်မြေအများအပြားတွင် စားကောင်းသောက်ဖွယ်အဖြစ် တွေ့ရသည်။ ပီလားများမှာ အခြားစားသုံးနိုင်သော ပင်လယ်သတ္တဝါများနှင့်နှိုင်းယှဉ်လျှင် ဈေးကြီးသော်လည်း စားရန်အသားအနည်းငယ်သာရှိသည်။ ပုံမှန်အားဖြင့် ပီလားများကိုစားသောက်ဆိုင်များတွင် မီးကင်ခြင်း၊ ပြုတ်ခြင်းပြုလုပ်၍ စားသောက်ကြသည်။

ပီလားများ၏ ထူးဆန်းသောသွေးအပြာရောင်သွေးရည်ကြည်မှာ ကိုဗစ်-၁၉ ရောဂါကိုကုသနိုင်မည့်ဆေးကို ထုတ်ဖော်ရာတွင် အသုံးဝင်သော အရှားပါးဆုံးသွေးအပြာရောင်ကို ပိုင်ဆိုင်ထားသည့် Horseshoe Crab ဟုအမည်တွင်သော လူ့အကျိုးပြု အခွံမာရေသတ္တဝါပီလားများအကြောင်းကို ရေးသားလိုက်ရပါသည်။

❖ ပီလားများသည် ၎င်းတို့၏ခန္ဓာကိုယ်တစ်ခုလုံးကို မာကျောသော အရာများဖြင့် ကာကွယ်ထားကြပြီး နောက်ဆက်တွဲခြေထောက်ခြောက်စုံပါရှိသည်။ ပထမတစ်စုံမှာ အလွန်သေး၍ ပါးစပ်ရှေ့တွင်ရှိပြီး အစာစားသောက်ရန်အသုံးပြုကြသည်။ လမ်းလျှောက်ရာတွင် အသုံးပြုသော ခြေထောက်ငါးချောင်းမှာ အများစုတွင် ကတ်ပြားပုံသဏ္ဍာန်ရှိကြသည်။ ပီလားမျိုးစိတ်လေးမျိုးတွင် ဒီရေတောမြင်းခွာကဏန်းသည် အသေးငယ်ဆုံးဖြစ်သည်။ ပီလားအမသည် အထီးထက်ပိုကြီးသည်။ နွေဦးရာသီတွင် ပီလားများသည် ပိုမိုနက်ရှိုင်းသောရေတိမ်ဘက်၊ ရွှံ့မြေနေရာများသို့ ရွှေ့ပြောင်းသွားကြပြီး တစ်ကောင်တည်းနေလေ့မရှိပေ။ နှစ်ကောင် သို့မဟုတ် အုပ်စုဖွဲ့၍နေကြသည်။ ❖

**ကိုးကား**

- **https://en.m.wikipedia.org**

**နှင်းအိ(ရာမညမြေ)**

# ဘူလ်ဂေးရီးယားနိုင်ငံတောင်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှု နေအိမ်များသို့ကူးစက်



**ဆိုဖီယာ ဇူလိုင် ၂၉**

ဘူလ်ဂေးရီးယားနိုင်ငံ တောင်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုသည် နေအိမ်များသို့ ကူးစက်လောင်ကျွမ်းနေကြောင်း ဘူလ်ဂေးရီးယားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု BTA သတင်းဌာနက ဇူလိုင် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ပါမီဒိုဗိုကျေးလက်ဒေသ၊ ကာရာဘူနာကျေးလက်ဒေသနှင့် ဗီလစ်ချ်ကိုဗိုကျေးလက်ဒေသတို့သို့ ကူးစက်လောင်ကျွမ်းနေခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၇၀ ကျော်ထိ စေလွှတ်ထားပြီး မီးသတ်ယာဉ် ၁၀ စီးအသုံးပြုထားကြောင်း မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် လူဦးရေတိုးပွားမှုထိန်းချုပ်ရေးအဖွဲ့အစည်း၏ ဒါရိုက်တာ ဒါတော့ဖ်က ပြောကြားခဲ့သည်။

"တောမီးလောင်ကျွမ်းမှုဟာ နေအိမ်တွေထိ ကူးစက်နေပါတယ်။ အချို့ဒေသတွေမှာတော့ တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ ပါဝင်ကူညီပေးကြတဲ့ဒေသခံတွေကိုလဲ ကျေးဇူးတင်ပါတယ်"ဟု ဒါတော့ဖ်က ပြောကြားခဲ့သည်။

တောမီးထိန်းချုပ်ရေးအတွက် ပါဇာဇစ်မြို့ မီးသတ်တပ်ဖွဲ့ဝင်များကို စေလွှတ်ထားခြင်းဖြစ်ပြီး နေအိမ်များသို့ ကူးစက်နေသောဧရိယာများတွင် တောမီးကို အဓိကငြိမ်းသတ်ပေးနေကြောင်း ပါဇာဇစ်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

အခြားသောကျေးလက်ဒေသများဖြစ်သည့် ဆူဆမ်ကျေးလက်ဒေသ၊ တာရာရီဗိုကျေးလက်ဒေသနှင့် ဂါဗာနိုဗာကျေးလက်ဒေသတို့တွင်လည်း တောမီးကူးစက်လောင်ကျွမ်းနေပြီး ပျက်စီးခဲ့သောနေအိမ်များကို စိစစ်နေဆဲဖြစ်ကြောင်း ဘူလ်ဂေးရီးယားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

တောမီးကူးစက်လောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူလူထုကလည်း ကူညီငြိမ်းသတ်ပေးလျက်ရှိပြီး ဒေသခံဦးရေ ၁၀၀ ကျော်ထိ တောမီးထိန်းချုပ်ရေးတွင် ပါဝင်ကူညီပေးလျက်ရှိကြောင်း ဒါတော့ဖ်က ပြောကြားခဲ့သည်။ **ခိုင်းဆက်**

# တရုတ်နိုင်ငံတွင် ဒေါ့ဆူရီတိုင်ဖွန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုနှုန်း မြင့်မားခဲ့

**ပေကျင်း ဇူလိုင် ၂၉**

တရုတ်နိုင်ငံ တောင်ဘက်ပိုင်းသို့ ဇူလိုင် ၂၈ ရက်က ဒေါ့ဆူရီဟု အမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ အားကောင်းသဖြင့် ပျက်စီးဆုံးရှုံးမှုနှုန်း မြင့်မားခဲ့ကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းအားကောင်းခဲ့သည့်အတွက် သစ်ပင်ကြီးများ အမြစ်လန်ကာ နေအိမ်များနှင့် အခြေခံအဆောက်အအုံများပေါ်သို့ လဲကျခဲ့ပြီး နေအိမ်တချို့ပျက်စီးခဲ့သည့်အတွက် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ အမြောက်အမြားရှိကြောင်း၊ ထို့ပြင် ဓာတ်တိုင်များလဲကျခဲ့ခြင်းကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပေါ်နေကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဒေါ့ဆူရီ တိုင်ဖွန်းမုန်တိုင်းအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ခဲ့ရသောပြည်နယ်မှာ ဖူကျီအန်ပြည်နယ် ကွမ်ကျိုးဆိပ်ကမ်းမြို့ဖြစ်ပြီး ပျက်စီးမှုမြင့်မားခဲ့ကြောင်း၊ မုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် လူဦးရေ ၇၂၄၆၀၀ ရှိနေပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၁၄၄၀၀ ကျော်ရှိကြောင်း၊ မုန်တိုင်းကြောင့် စီးပွားရေးကဏ္ဍမှတိုက်ရိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ သန်းထိရှိနေပြီး နေအိမ် ၅၀၀၀၀၀ ကျော်ထိ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်နေပြီး ရေကြီးရေလျှံမှုပြဿနာဖြင့်လည်း ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ ထို့ပြင် စာသင်ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းတချို့ကိုလည်း လည်ပတ်မှုရပ်ဆိုင်းထားရကြောင်း သိရသည်။ **ခိုင်းဆက်**

# ဗြိတိန်နိုင်ငံ၌ စံချိန်တင်မြင့်တက်နေသောအပူချိန်က ၂၀၆၀ ပြည့်နှစ်တွင် ပုံမှန်အပူချိန်ဖြစ်လာမည်

**လန်ဒန် ဇူလိုင် ၂၉**

ဗြိတိန်နိုင်ငံတွင် ၂၀၂၂ ခုနှစ်က ရာသီဥတုပြောင်းလဲမှုနှုန်းမြင့်မားသည့်အတွက် စံချိန်တင်အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး အပူချိန်ပမာဏမှာလည်း ဗြိတိန်သမိုင်းတစ်လျှောက် အမြင့်မားဆုံးပမာဏသို့ရောက်ရှိခဲ့ရာ ၂၀၆၀ ပြည့်နှစ်တွင် ပုံမှန်အပူချိန်ဖြစ်လာမည်ဟု ဗြိတိန်မိုးလေဝသစင်တာက ထုတ်ပြန်ခဲ့ကြောင်း Express သတင်းဌာနက ဇူလိုင် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ် ဇူလိုင်လတွင် အပူချိန်ပမာဏမှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး ဗြိတိန်သမိုင်းတစ်လျှောက် အမြင့်မားဆုံးအပူချိန်ပမာဏ ဖြစ်ခဲ့ကြောင်း၊ ဗြိတိန်နိုင်ငံတွင် ၁၈၈၄ ခုနှစ်မှစတင်၍ အပူချိန်မြင့်တက်မှုဖြစ်ပေါ်လာခြင်းဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်နိုင်ခြင်းမရှိသည့်အတွက် အပူချိန်မှာ ဆက်တိုက်မြင့်တက်လာခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

"မှတ်တမ်းတွေအရ ၂၀၂၂ ခုနှစ်မှာ စံချိန်တင် အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် ဇူလိုင်လမှာ အပူချိန်ပမာဏဟာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပါတယ်။ ဗြိတိန်သမိုင်းတစ်လျှောက် အမြင့်မားဆုံးသောအပူချိန်ပမာဏလဲဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုတွေက တောက်လျှောက်ဖြစ်ပေါ်နေပြီး ၂၀၆၀ ပြည့်နှစ်အရောက်မှာတော့ ဒီအပူချိန်ပမာဏဟာ ပုံမှန်ဖြစ်ပေါ်တဲ့ အပူချိန်ပမာဏတစ်ရပ် ဖြစ်လာပါလိမ့်မယ်။ ဒီလိုအခြေအနေမျိုး မရောက်ဖို့အတွက် ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို အရှိန်မြှင့်တင်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ အခုလို ရာသီဥတုဖောက်ပြန်မှုတွေဖြစ်ပေါ်လာတာဟာ သဘာဝအလျောက်မဟုတ်ဘဲ လူသားတွေရဲ့လုပ်ဆောင်ချက်ကြောင့် ဖြစ်ပေါ်လာတဲ့အခြေအနေဖြစ်ပါတယ်"ဟု ဗြိတိန်အမျိုးသား ရာသီဥတုပြောင်းလဲမှုသတင်းအချက်အလက်စင်တာမှ ပြောရေးဆိုခွင့်ရှိသူ မိုက်ကင်ဒန်က ပြောကြားခဲ့သည်။ **ခိုင်းဆက်**



# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင် တစ်ဘီလီယံထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင် ထုတ်ပြန်ကြေညာ

**ဝါရှင်တန် ဇူလိုင် ၂၉**

အမေရိကန်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရေရှည်စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အဓိကကျသည့် သစ်တောကြိုးဝိုင်းများ ဖန်တီးသွားမည်ဖြစ်ပြီး သစ်ပင် တစ်ဘီလီယံထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ထုတ်ပြန်ကြေညာခဲ့သည်ဟု US News သတင်းဌာနက ဇူလိုင်လ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပူချိန်မြင့်တက်မှုကိုထိန်းချုပ်နိုင်ရေးအတွက် သစ်တောကြိုးဝိုင်းများ ဖန်တီးပေးသွားမည်ဖြစ်ပြီး ကာဗွန်ထုတ်လွှတ်မှုကိုလျှော့ချနိုင်ရေးအတွက်ရည်ရွယ်၍ လည်း သစ်ပင်များကိုစိုက်ပျိုးသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

"အမေရိကန်နိုင်ငံရဲ့အနာဂတ်အတွက် ရာသီဥတုဖောက်ပြန်မှုတွေကို အရှိန်မြှင့်တင်သွားမှာဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကိုထိန်းချုပ်ဖို့အတွက် အထိရောက်ဆုံးနည်းလမ်းကတော့ သစ်တောကြိုးဝိုင်းတွေ ဖန်တီးနိုင်ဖို့ပါပဲ။ ဒါကြောင့် သစ်ပင်တွေစိုက်ပျိုးသွားမယ်။ သစ်ပင်အရေအတွက် တစ်ဘီလီယံထိ စိုက်ပျိုးသွားဖို့လဲ ရည်ရွယ်ထားပါတယ်။ ပြည်သူတွေလဲ ပူးပေါင်းပါဝင်ဖို့ ဖိတ်ခေါ်ပါတယ်။

ပြည်သူတွေအတွက် အမှန်တကယ်လိုအပ်နေတဲ့ အစီအစဉ်လဲဖြစ်လို့ သစ်ပင်စိုက်ပျိုးတဲ့ အစီအစဉ်ကို အမြန်ဆုံး အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်"ဟု သမ္မတဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်မှုကြောင့် နောက်ဆက်တွဲ ဆိုးကျိုးများကို ဆက်တိုက်ရင်ဆိုင်နေရပြီး အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သောရောဂါများကြောင့် သေဆုံးသူလည်းမြင့်တက်လျက်ရှိကြောင်း၊ ၎င်းပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် အထိရောက်ဆုံးသောနည်းလမ်းမှာ သစ်ပင်စိုက်ပျိုးခြင်း ဖြစ်သဖြင့် အဆိုပါနည်းလမ်းကို ရွေးချယ်ခြင်းဖြစ်ကြောင်း သမ္မတဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။ **ခိုင်းဆက်**

## ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ် အမည်၊ ရပ်ကွက်၊ ကျေးရွာ၊မြို့ ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။



၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့နိုလုံပါ။



# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## စကားဆိုရာ သတိပြုပါ



ကလေးတို့ရေ ဦးဦးငယ်ငယ်က ကျောင်းသင်ခန်းစာဖတ်စာထဲကနေ ဖတ်ဖူးထားတဲ့ ပုံပြင်လေးတစ်ပုဒ်ကို ပြောပြမယ်နော်။ ပုံပြင်လေးက ဒီလိုကွဲ့။

တစ်ခါတုန်းက တောကြီးတစ်ခုထဲမှာ ရေကန်ငယ်လေးတစ်ကန်ရှိလေသတဲ့။ ဒီရေကန်လေးက မိုးတွင်းနဲ့ ဆောင်းအခါပဲ ရေရှိပြီး နွေရာသီမှာ ရေခန်းသတဲ့။ မိုးတွင်းနဲ့ ဆောင်းရာသီမှာ အဲဒီရေကန်လေးကို ဟင်္သာနှစ်ကောင်က အမြဲတမ်းလာလေ့ရှိသတဲ့။ အဲဒီလိုလာရင်းလာရင်းနဲ့ ရေကန်ထဲမှာ နှစ်တိုင်းတွေ့ရတတ်တဲ့ လိပ်ကြီးတစ်ကောင်နဲ့ ခင်မင်သိကျွမ်းခဲ့တော့သတဲ့။ ဒီလိုနဲ့ နွေရာသီရောက်လုလုတစ်နေ့မှာ ဟင်္သာတွေက လိပ်ကြီးကိုမေးသတဲ့။

"အဆွေလိပ်ကြီး ဒီရေကန်က နွေရာသီမှာ ခန်းခြောက်သွားတတ်တာ။ အဲဒီအခါမျိုးမှာ အဆွေလိပ်က ဘယ်လိုတွေနေထိုင်စားသောက်ပါသလဲ" လို့ မေးကြသတဲ့။

အဲဒီအခါ လိပ်က "အဆွေဟင်္သာတို့ နွေအခါများရောက်ရင် ကျွန်ုပ်က မြေကျင်းနက်နက်တူးပြီး ဆင်းရဲကြီးစွာနဲ့ တစ်ရာသီလုံး ဒုက္ခခံနေရတယ်" လို့ ပြန်ဖြေသတဲ့။

အဲဒီအခါ မိတ်ဆွေတွေဖြစ်ကြတဲ့ ဟင်္သာနှစ်ကောင်က စိတ်မကောင်းဖြစ်ကြတယ်။ ဒါနဲ့ပဲ သူတို့ မိတ်ဆွေလိပ်ကို သူတို့က ကူညီချင်တယ်ဆိုတဲ့ အကြောင်းပြောကြတယ်။ လိပ်ကြီးက ဘယ်လို ကူညီနိုင်မလဲလို့ မေးသတဲ့။

ဟင်္သာတွေက "မိတ်ဆွေလိပ်ကြီးတို့က ကူညီချင်ပါတယ်။ တို့ပြောသလိုပဲ မိတ်ဆွေလိပ်ကြီး နာခံမယ်ဆိုရင် မိတ်ဆွေလိပ်ကြီးအနေနဲ့ နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး ဘယ်အချိန်ခါမှ ရေမခန်းခြောက်တဲ့မြစ်ကြီးထဲကို ရောက်ရလိမ့်မယ်။ ဒါပေမဲ့ မိတ်ဆွေလိပ်ကြီး တို့ပြောစကားနားမထောင်ဘူးဆိုရင် ဒုက္ခဖြစ်လိမ့်မယ်" လို့ ပြောကြသတဲ့။

နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး ဘယ်တော့မှ ရေမခန်းခြောက်တဲ့မြစ်ကြီးရှိတယ်လို့ သိရတော့ လိပ်ကြီးက ဝမ်းသာသွားသတဲ့။ သွားလဲသွားချင်တယ်။ ဒါကြောင့်မို့ သူ့ကိုကူညီပေးကြပါ။ သူက မိတ်ဆွေဟင်္သာတို့ပြောစကား နားထောင်ပါ့မယ်လို့ ကတိပေးတော့သတဲ့။ အဲဒီအခါ ဟင်္သာတွေက ကောင်းပြီ ဒါဆိုလဲပို့ပေးပါ့မယ်။ သူတို့ပြောတဲ့အတိုင်းပဲ လိုက်နာပါလို့ပြောကာ တုတ်တစ်ချောင်းကိုယူလိုက်ကြပြီး လိပ်ကြီးက တုတ်ကို ပါးစပ်နဲ့ မြဲမြံစွာကိုက်ထားဖို့နဲ့ သူတို့ဟင်္သာတွေက စကားပြောလို့ရပြီဆိုမှပဲ စကားပြောဖို့မှာကြသတဲ့ကွယ်။ လိပ်ကြီးကလဲ "စကားမပြောဘဲနေတာများ အဆန်းမှတ်လို့ တစ်သက်လုံးတောင်နေနိုင်တယ်" လို့ဆိုကာ ကတိထပ်ပေးပြန်သတဲ့။ ဒီလိုနဲ့ ဟင်္သာနှစ်ကောင်က တုတ်ချောင်းကို ဟိုဘက်က တစ်ကောင်၊ ဒီဘက်တစ်ကောင် ကိုက်ချီပြီး လိပ်ကြီးကို တုတ်ချောင်းရဲ့အလယ်ကို ပါးစပ်နဲ့ ကိုက်ငုံစေထားပြီး တောတောင်တွေကိုကျော်ဖြတ်ကာ မြစ်ပြင်ရှိရာကို ပျံသန်းသွားကြသတဲ့ကွယ်။

လမ်းတစ်ဝက်ရောက်တော့ မြေပြင်ကနေ လူတချို့က မိုးပေါ်မှာပျံနေကြတဲ့ ဟင်္သာနှစ်ကောင်နဲ့ လိပ်ကိုမြင်ကြတော့ လက်ညှိုးထိုးပြီး အော်ကြတော့တယ်။ သဘောကြပြီး စကြ၊ ပြောင်ကြတော့တယ်။ တစ်ယောက်ပြီးတစ်ယောက် ပြောပါများလာတော့ လိပ်ကြီးက သူကပါ ပြန်ပြောချင်လာပြီး ပါးစပ်ယားလာလေသတဲ့။ လိပ်ကြီးက လူတွေဟာ တော်တော်ခက်ကြတယ်။ ငါ့ဘာသာ အတောင်ပံမရှိပေမဲ့ မိုးပေါ်ပျံလို့ရတာ သူတို့နဲ့ ဘာဆိုင်လို့လဲ။ လူတွေက ကိုယ့်အလုပ်ကိုယ်မလုပ်ကြဘူး။ စိတ်ပျက်ဖို့ကောင်းတယ်လို့ တွေးနေသတဲ့။ တွေးပါများလာတော့ ဒေါသဖြစ်လာတယ်။ နောက်တော့ ကိုယ့်ဒေါသကို ကိုယ်မထိန်းနိုင်တော့ဘဲ မိတ်ဆွေဟင်္သာနှစ်ကောင်အား ပေးထားတဲ့ ကတိကိုမေ့သွားပြီး မြေပြင်ကနေ သူ့ကိုလှမ်းပြောနေတဲ့သူတွေကို အော်ပြောလိုက်တော့သတဲ့ကွယ်။ "ငါ့ဘာသာငါ မိုးပေါ်မှာပျံနေတာ မင်းတို့အပူပါလို့လား" လို့ ပြောလိုက်တဲ့အခါ ပါးစပ်ကကိုက်ထားတဲ့တုတ်က သူနဲ့တခြားစီဖြစ်သွားလေတော့တယ်။ အဲဒီအခါ လိပ်ကြီးဟာ မြေပြင်ပေါ်ကိုပြုတ်ကျပြီး သေဆုံးသွားရရှာတော့တယ်ကွဲ့။

အဲဒါဘာကြောင့်လဲဆိုတော့ စကားတစ်ခွန်းကြောင့် အသက်ဆုံးရှုံးသွားရတာမဟုတ်လားကွယ်။ ကိုယ့်ဘက်က မှန်နေတာတော့ဟုတ်တာပေါ့။ ဒါပေမဲ့ ပြောသင့်ပြောထိုက်တဲ့ အချိန်အခါမဟုတ်သေးဘဲ ပြောမိတော့ သေဆုံးရတော့တာပေါ့။ ဒါကြောင့်မို့ ကလေးတို့တစ်တွေလဲ စကားတစ်ခွန်းကို လွယ်လွယ်မပြောမိစေဘဲ ပြောသင့်တဲ့အချိန်၊ ပြောသင့်တဲ့အခါမှပဲ ပြောသင့်တဲ့စကားကို သတိပြုပြောကြပါလို့ ဦးဦးက မှာကြားလိုက်ရပါတယ်ကွယ်။

**ကိုရွှေတောသား(ဆင်ကူး)**

## ပါးကွက်ကျားနှင့် သမီးပျို

◆ ပါးကွက်ကျားနှင့် မျက်နှာထားချို
အိုဘယ့်သမီးပျို၊
နှစ်လိုဖွယ်ရုပ်အဆင်း
စိတ်ထားကဖြူရှင်း။

◆ ရိုးသားလှတဲ့ သူ့ဂုဏ်အင်
အဖိုးမဖြတ်နိုင်အောင်ပင်၊
အလှတွင်အပြစ်ကင်း
သနပ်ခါးနံ့တသင်းသင်း။ ။

**ကျော်ကြီး(ကချင်မြေ)**



## ဝါဆိုသင်္ကန်းလှူဒါန်းစို့

◆ ဝါဆိုသင်္ကန်း လှူဒါန်းမယ်
သံဃာများကိုကွယ်၊
ဘုန်းကြီးကျောင်းဝယ် သွားကြစို့
ရွှေရင်သွေးလေးတို့။

◆ လက်အုပ်ချီလို့ ရှိခိုးပါ
သုံးပါးရတနာ၊
ခြေစုံရပ်ကာ ဆက်ကပ်ထား
လှူဒါန်းကြစေသား။
ရင်သွေးငယ်လေးများ။ ။

**ဇေကျမ်းရွာကျောင်းအိုသား**



# ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို **၃၁-၇-၂၀၂၃ ရက်နေ့** (အစား) **၁၂-၈-၂၀၂၃ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဆန်ဈေးကွက်အတွင်း ဈေးနှုန်းတည်ငြိမ်စေရန် အရန်ဆန်အိတ်ရေ ၅၀၀၀၀ ကို သက်သာသည့်နှုန်းထားဖြင့် အမြန်ဆုံးထုတ်ရောင်းသွားမည်



**ရန်ကုန် ဇူလိုင် ၂၉**

ဆန်ဈေးကွက်အတွင်း ဆန်ဈေးနှုန်း တည်ငြိမ်စေရေးအတွက် အရန်ဆန်အိတ်ရေ ၅၀၀၀၀ ကို ဆန်ဈေးကွက်အတွင်းသို့ သက်သာသည့်နှုန်းထားဖြင့် အမြန်ဆုံး ထုတ်ရောင်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

ဆန်ဈေးကွက်အတွင်း ဆန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန် ပြည်ပသို့ ဆန်တင်ပို့နေသည့်ကုမ္ပဏီများ၏ ပူးပေါင်းပါဝင်မှုဖြင့် စုဆောင်းထားသည့် အရန်ဆန်များအပါအဝင် အခြားသောအစီအစဉ်ဖြင့် စီစဉ်ထားသော အရန်ဆန်များကို ဈေးကွက်အတွင်းသို့ အမြန်ဆုံး ရောင်းချ သွားမည်ဖြစ်ကြောင်း သိရသည်။

အရန်ဆန်များ ထုတ်ရောင်းရာတွင် ကနဦးအနေဖြင့် (၂၅ ရာခိုင်နှုန်း အဆင့်- Single Polished & Sorted) ၅၀ ကီလိုအိတ်၊ အိတ်ရေ ၅၀၀၀၀ ကို ဦးစွာထုတ်ရောင်းပေးသွားမည်ဖြစ်ပြီး လိုအပ်ပါက ထပ်မံတိုးမြှင့်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆန်စပါးအသင်းချုပ်ရဲ့ အရန်ဆန်အိတ် ၅၀၀၀၀ ကို ထုတ်ရောင်းမှာပါ။ လိုရင်လဲ လိုသလိုထပ်ပြီးတော့ ထုတ်ရောင်းမှာပါ။ ကုန်စည်ဒိုင်တွေကနေ ရောင်းမယ်။ လက်လီဆိုင်တွေကို ရောင်းပေးမယ်။ ပြီးရင် စက်မှုဇုန်တွေမှာရှိတဲ့ စက်ရုံတွေက ဝန်ထမ်းတွေအတွက် လိုအပ်မှုရှိတယ်ဆိုရင် ရောင်းပေးမှာပါ။ သင့်တင့်မျှတပြီး သက်သာတဲ့ဈေးနဲ့ရောင်းမယ်။ ဈေးကွက်ပေါက်ဈေးအောက်မှာ လျှော့ရောင်းမယ်။ အဓိကကတော့ ရန်ကုန်ကို ဦးစားပေးပေါ့။ ရန်ကုန်ကုန်စည်ဒိုင်ကနေ ရခိုင်အပါအဝင် တစ်နိုင်ငံလုံးကို သွားနေရတာဆိုတော့ ရန်ကုန် ကုန်စည်ဒိုင်တွေမှာ ရောင်းမယ်။ စက်ရုံအလုပ်ရုံဆိုလဲ ရန်ကုန်မှာက ဝန်ထမ်းတွေအများကြီးရှိတာလေ။ အခြေခံလိုအပ်ချက်တွေလဲဖြစ်တယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပြသည်။

မြန်မာနိုင်ငံအနေဖြင့် ဆန်ဖူလုံမှုအပြည့်အဝရှိပြီး ပိုလျှံသောဆန်များကိုသာ ပြည်ပသို့ စနစ်တကျ တွက်ချက် တင်ပို့နေခြင်းဖြစ်ပြီး ကောလာဟလ သတင်းမှားများကြောင့် စားသုံးသူများ စိုးရိမ်မှုဖြစ်ကာ ဆန်များဝယ်ယူစုဆောင်းခြင်း၊ စိုးရိမ်ပူပန်ခြင်းများ မဖြစ်စေရေးနှင့် ဆန်များကို လိုအပ်မှသာဝယ်ယူရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။

လက်ရှိတွင် ဆန်ဈေးကွက်အတွင်း ဝယ်လိုအားမြင့်မားနေမှုကြောင့် တစ်နေရာမှ တစ်နေရာသို့ ဆန်သယ်ယူရောင်းချနေရသဖြင့် ဆန်ဈေးနှုန်းမြင့်တက်မှုများလည်း ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ယခင်က ၂၄ ပြည် ဆန်တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀ သာပေးရသည့်ဆန်များသည် ငွေကျပ် ၁၀၀၀၀၀ ရှိနေပြီး ငွေကျပ် ၆၀၀၀၀ ဖြင့် ပေးဝယ်ခဲ့ရသည့် ဆန်အိတ်များသည် လက်ရှိတွင် ငွေကျပ် ၁၅၀၀၀၀ ခန့်ထိ ဈေးမြင့်တက်လျက်ရှိနေကြောင်း သိရသည်။

ASH

# ဆိပ်ဖြူမြို့နယ် အရှေ့ကပိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှေ့ကပိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသိမ့်သိမ့်ကျော်က အရှေ့ကပိုင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်အေးသိမ့်သိမ့်ကျော်က အရှေ့ကပိုင်ကျေးရွာ၌ ဆဋ္ဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၃၈၂၅၀၀၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အရှေ့ကပိုင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၁၂၄ ဦးကို ငွေကျပ် ၃၈၂၅၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**



**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**








## ဝန်ထမ်းအလိုရှိသည်

**စာရင်းကိုင်** မ (၂)ဦး

- ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊ အသက် (၂၀) မှ (၃၀)ကြားဖြစ်ရမည်။
- ဘွဲ့ရရှိပြီးသူ၊ Microsoft Excel ကျွမ်းကျင်သူ
- စာရင်းဇယားလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်အထက်ရှိသူ ဦးစားပေးခန့်ထားပါမည်။
- အစမ်းခန့်ကာလအဖြစ် (၃)လသတ်မှတ်ထားပြီး လာရောက်လျှောက်ထားလိုပါက CV Form ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ သင်တန်း Certificate မိတ္တူနှင့်တကွ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။
- Form ပိတ်ရက် (၈-၈-၂၀၂၃)
- Hi Boss Duplex Co.,Ltd , အမှတ်-ဆဆ ၅/၃၂၊ ၅၆လမ်း၊ ၁၀၆ နှင့် ၁၀၇လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။ 09-752702253

## သင်တန်းသားခေါ်ယူခြင်း

| | | |
|---|---|---|
| **သင်တန်းဖွင့်လှစ်မည့်နေရာ** | - | ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ၊ အမရပူရမြို့ |
| **သင်တန်းသားဦးရေ** | - | (၂၀)ဦးသာလက်ခံသင်ကြားပေးပါမည်။ **အထည်ချုပ်စက်ရုံများတွင် ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်မည့်သူများအား ဦးစားပေးလက်ခံသွားမည်ဖြစ်ပါသည်။** |
| **သင်တန်းဖွင့်လှစ်မည့်ကာလ** | - | (၇-၈-၂၀၂၃ မှ ၁၆-၈-၂၀၂၃)အထိ |
| **သင်တန်းအချိန်** | - | (နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီ)အထိ |
| **သင်တန်းကြေး** | - | **အခမဲ့** |
| **အဆောင်နေထိုင်ခွင့်** | - | ရပ်ဝေးမှတက်ရောက်လာသူများအား အဆောင် **အခမဲ့** နေထိုင်ခွင့်ပြုမည်ဖြစ်ပါသည်။ |
| **ဆက်သွယ်ရန်** | - | ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ၊ အမရပူရမြို့ |
| **ဖုန်း** | - | ၀၂-၄၀၇၀၄၂၈၊ ၀၂-၄၀၅၉၉၆၄ ၀၉-၇၉၅၁၁၂၄၇၃၊ ၀၉-၄၂၀၇၁၂၈၃၁ |
| **အလုပ်အကိုင်အခွင့်အလမ်းများ** | - | မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်မည်။ အသေးစိတ်ကိုစုံစမ်းနိုင်ပါသည်။ |

## အမည်ပြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်အနောက်၊အကွက်(၃၉၀)နေ ဦးဌေးမောင်-ဒေါ်ခင်မိုးခိုင်တို့၏သား မောင်မင်းရာဇာ အား မောင်မင်းခန့်ငြိမ်းချမ်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းခန့်ငြိမ်းချမ်း**

## အမည်ပြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းသာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 (A) မှ မောင်အောင်မြတ်သူ (ဘ) ဦးသိန်းစိုး အား မောင်နေသူရအောင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်နေသူရအောင်**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ကံတောင်ကျေးရွာနေ ဒေါ်သက်စိုးအေး (ဘ) ဦးလှမောင် (၉/မကန(နိုင်)၁၀၀၈၁၇) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-842437)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၅၆၅၃၂၀၃၈**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှီးပင်စောက်၊Grade-8 မှ မနွေးနွေးလှိုင် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းကြိုင် ဖြစ်ပါကြောင်း။

**ဦးဝင်းကြိုင်**

**(၁၃/ ရစန(နိုင်)၀၆၄၅၄၀)**

## ဖခင်အမည်မှန်

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ VEC ပညာ့ရိပ်သာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 မှ မမိုးမိုးသွယ် နှင့် Grade-6 မှ မောင်သိန်းကျော် တို့၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးလူကြားစိုး ဖြစ်ပါကြောင်း။

**ဦးလူကြားစိုး**

**(၁၃/ ကခန(နိုင်)၀၅၂၄၀၉)**

## ဖခင်အမည်မှန်

ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အ. ထ. က(စဉ့်ကိုင်)၊ Grade-12 (A) တွင်ပညာသင်ယူနေသော မမြင့်မြင့်ဆွေ ၏ ဖခင်အမည်မှန်မှာ ဦးညို ဖြစ်ပါကြောင်း။

**ဦးညို(၉/ စကတ(နိုင်)၀၁၀၈၅၆)**

## ဖခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ MIA ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 မှ မဆုပြည့်သဇင် နှင့် Grade-6 မှ မောင်အောင်အောင်ထွန်း တို့၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးရန်ယုံထိ ဖြစ်ပါကြောင်း။

**ဦးရန်ယုံထိ**

**(၁၃/ လရန(နိုင်) ၂၇၁၈၂၀)**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ**

